# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ်(၃၁၅)


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တောင်သမန်ဦးပိန်တံတားတွင် ယခုရက်ပိုင်းအတွင်း အင်းရေမြင့်တက်လာပြီး ငှက်လှေစီးသူ ယခင်နှစ်ထက်များပြားလာ



မန္တလေး ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်ဦးပိန်တံတားတွင် ယခုဩဂုတ်လဆန်းပိုင်းမှစတင်၍ ဧရာဝတီမြစ်ရေ မြင့်တက်လာခြင်းနှင့်အတူ အင်းရေမြင့်တက်လာပြီး ငှက်လှေစီးသူနှင့် အပန်းဖြေလာရောက်သူ ယခင်နှစ်ထက် များပြားလာကြောင်း တောင်သမန်ငှက်လှေအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောသည်။

တောင်သမန်ဦးပိန်တံတားတွင် လျှောင်ဒဏ်ကြောင့် ယိမ်းယိုင်ခဲ့သော တံတားပေါ်မှ နေရာနှစ်ခုတွင် ဖြတ်သန်းခွင့်တားမြစ်ထားကြောင်း သိရသည်။

"ဦးပိန်တံတားလာတဲ့သူတွေက ငှက်လှေစီးတယ်။ အပန်းဖြေရင်း အလှဓာတ်ပုံရိုက်ကြတယ်။ မနှစ်ကနဲ့ နှိုင်းယှဉ်ရင် ညှို့သည်ဝင်ရောက်မှုပိုများတယ်လို့ ပြောရမယ်။ ညှို့သည်ဝင်ရောက်မှုများမှ တောင်သမန်ဒေသကို မှီခိုလုပ်ကိုင်စားသောက်နေသူတွေ အဆင်ပြေမှာဖြစ်တဲ့အပြင် အမရပူရ ဒေသထွက်ကုန်တွေလည်း ရောင်းအားကောင်းမှာပါ"ဟု ၎င်းကပြောသည်။

တောင်သမန်အင်းတွင် ယခုဩဂုတ်လဆန်းပိုင်းမှစတင်၍ အင်းရေမြင့်တက်လာခဲ့ရာ တံတားကြမ်းပြင်မှ ၁၀ ပေခန့်အကွာသို့ မြစ်ရေများရောက်ရှိနေသကဲ့သို့

စာမျက်နှာ ၃ ကော်လံ ၁ ✻

## ညောင်ဦးမြို့နယ်၌ ဆီထွက်သီးနှံမြေပဲ စိုက်ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး မိုးရွာသွန်းမှုကောင်းခြင်းကြောင့် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



ညောင်ဦး ဩဂုတ် ၁၄

မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများ မိုးရွာသွန်းမှုကောင်းခြင်းနှင့်အတူ စိုက်ပျိုးထားသည့် ပင်ပြန့်မြေပဲ၊ ပင်ထောင်မြေပဲများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ်အတွင်းနှင့် ငါ့သရောက်မြို့၊ ပုဂံမြို့တို့တွင် ကျေးလက်တောင်သူများ မြေပဲစိုက်ပျိုးမှု များပြားလျက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊

စာမျက်နှာ ၃ ကော်လံ ၁ ○

**ယနေ့ ဖတ် စ ရာ**


**မြစ်ကြီးနားမြို့နယ်နှင့် သုံးခွမြို့နယ်ရှိ သံဃာတော်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်**

ပြည်တွင်းသတင်း | စာ ၄

**အနာဂတ်ဘဝတွေလှပအောင် အမှန်လမ်းက လျှောက်ကြမည်**

ဆောင်းပါး | စာ ၆

**အမျိုးသားယဉ်ကျေးမှု ယွန်းအနုပညာနှင့် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်**

ဆောင်းပါး | စာ ၁၀

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်ငီယမ်ဖုန်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၄**

(၁၀) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အန်းနင်မြို့၌ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်ငီယမ်ဖုန်အား ဒေသစံတော်ချိန် ယနေ့ ညနေ ၃ နာရီတွင်လည်းကောင်း၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီအား ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သီးခြားစီတွေ့ဆုံသည်။

**ထောက်ခံအားပေး**

ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံဖြစ်ပေါ်တိုးတက်မှုများနှင့် နယ်စပ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး၍ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်ကိစ္စကို ရှင်းလင်းပြောကြားခဲ့ရာ တရုတ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်ကိစ္စနှင့် နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများကို ထောက်ခံအားပေးကြောင်း ပြန်လည်ပြောကြားခဲ့သည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်ငီယမ်ဖုန်တို့ တွေ့ဆုံဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေအား တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီက ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

---

*❊ ရှေ့ဖုံးမှ*

အင်းစပ်ရှိ အပန်းဖြေခုံတန်းလျားများအနီးသို့လည်းကောင်း၊ မယ်ဇယ်တန်းတစ်လျှောက် ဖောက်လုပ်ထားသည့် လမ်းနယ်အချို့ထိလည်းကောင်း ရေများရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

"ငှက်လှေက အရင်အစင်း ၄၀ ကျော်ကနေ လက်ရှိ ၃၀ ကျော်ပဲရှိပြီး ဧည့်သည်ဝင်ရောက်မှုနဲ့ ငှက်လှေအစင်းရေနဲ့ အဆင်ပြေတဲ့ အနေအထားပါ။ ကြားရက်တွေမှာ ဈေးဦးမပေါက်တဲ့ ငှက်လှေတချို့ရှိပေမယ့် လူစည်တဲ့ရက်က ဝင်ငွေနဲ့ဆိုရင် စားဝတ်နေရေးအတွက် လုံလောက်ပါတယ်။ငှက်လှေစီးခက ငွေကျပ် ၂၀၀၀၀ ဆိုတော့ ၁၀ ယောက်လောက်စီးရင် တစ်ဦးကို ကျပ် ၂၀၀၀ ပဲရှိလို့ စီးတဲ့သူတွေအတွက် အဆင်ပြေတာပေါ့" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ငှက်လှေစီးခများမှာ ပြည်တွင်းခရီးသွားများအတွက် ငှက်လှေတစ်စင်းလျှင် ငွေကျပ် ၂၀၀၀၀ ၊ ပြည်ပခရီးသွားများအတွက် ငွေကျပ် ၂၅၀၀၀ ဖြစ်ကြောင်း၊ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်များနှင့် နေ့ထူးနေ့မြတ်များ၌ ကြားရက်များထက် ပိုမိုစည်ကားကာ စားသောက်ဆိုင်များတွင်လည်း ရောင်းအားကောင်းမွန်ကြောင်း သိရသည်။

ငလျင်ဒဏ်ကြောင့် ဦးပိန်တံတားအရှေ့ဘက်တွင် ပထမဇရပ်နှင့် ဒုတိယဇရပ်အကြား၊ အနောက်ဘက်၌ ဒုတိယဇရပ်အနီးတွင် ဖြတ်သန်းသွားလာခွင့်တားမြစ်ထားရာ အန္တရာယ်မဖြစ်စေရန်အတွက် ရှောင်ရှားကြရန်လိုကြောင်း သိရသည်။ **မောင်အေးချမ်း**

---

*❍ ရှေ့ဖုံးမှ*

ကျေးလက်တောင်သူများ ပူးပေါင်းကာ မြေပဲအထွက်နှုန်း ကောင်းမွန်စေရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန်စေရေး၊ အချိန်မီ စိုက်ပျိုးနိုင်ရေးတို့အတွက် တောင်သူပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်အတူ ယခုနှစ် မြေပဲစိုက်ပျိုးမှု ပင်ပြန့်မြေပဲနှင့် ပင်ထောင်ဆီထွက်သီးနှံမြေပဲ စုစုပေါင်း စိုက်ဧက ၁၂၁၁၁၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ ညောင်ဦးမြို့နယ်တွင် မိုးရွာသွန်းမှုကောင်းခြင်းနှင့်အတူ ဇွန်လနှင့် ဇူလိုင်လတို့တွင် မြေပဲစိုက်ပျိုးသူများပြားခြင်း၊ စိုက်ပျိုးပြီး မြေပဲများ အပင်ဖြစ်ထွန်းမှု ကောင်းမွန်ကြကာ မြေပဲစိုက်တောင်သူများ မြေပဲနုတ်သိမ်းချိန် မြေပဲအထွက်နှုန်းကောင်းရန် မျှော်လင့်နေကြောင်း၊ ညောင်ဦးမြို့နယ်တွင် မြေပဲစိုက်ပျိုးခြင်းအား မြေပဲသီးသန့်စိုက်ပျိုးခြင်း၊ မြေပဲအားပဲစင်းငုံ၊ ပဲတီစိမ်းတို့နှင့် သီးထပ်စိုက်ပျိုးခြင်းများ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **ဒီပါလင်း**

---

## ကဝမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသ

**ကဝ ဩဂုတ် ၁၄**

ကဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းကို ယနေ့ နံနက်က အမက(လွန်)ကြာတောကျောင်း၌ ကျင်းပသည်။



ဦးစွာ တာဝန်ခံဆရာမကြီး ဒေါ်သီတာမြင့်က အမှာစကားပြောကြားပြီး ကဝမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာထောက်-၃ ဒေါ်ချိုချိုစန်းလွင်က ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးပြီး ကျောင်းစာအပြင် ပြင်ပဗဟုသုတစာများကို ဖတ်ကြရန်နှင့် မူးယစ်ဆေးဝါး အန္တရာယ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မူးယစ်ဆေးဝါး အန္တရာယ်များအကြောင်း အသိပညာပေးနံရံကပ်စာစောင်များကို ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာကြသည်။ **ရဲဇော်ဟိန်း(ပြန်/ဆက်)**

---

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၁၄**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ကျရောက်မည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **"လှပသာယာ ပြည်မြန်မာ"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရပါမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရပါမည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။ ကိုယ်တိုင်ရိုက်ကူးထားသော ပုံဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁ -၁၀- ၂၀၂၅ ရက်နေ့ ညနေ(၄)နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၃၈၄၈၁၃ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးပိုလာနိုင်သည်။**မိုး/ဇလ**

# အာဆီယံ နိုင်ငံဖြတ်ကျော်လျှပ်စစ်ဓာတ်အားချိတ်ဆက်ရောင်းဝယ်မှု စီမံကိန်းများဆိုင်ရာ ဘဏ္ဍာငွေအထောက်အပံ့ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်းသော ဝန်ကြီးအဆင့်အစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၁၄**

အာဆီယံဒေသတွင်း စီးပွားရေးပေါင်းစည်းဆက်နွယ်မှု ပိုမိုအားကောင်းလာစေရေးအတွက် အာဆီယံနိုင်ငံဖြတ်ကျော် လျှပ်စစ်ဓာတ်အား ချိတ်ဆက်ရောင်းဝယ်မှုစီမံကိန်းများဆိုင်ရာ ဘဏ္ဍာငွေအထောက်အပံ့ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်းသော ကဏ္ဍစုံဝန်ကြီးအဆင့်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ မလေးရှားနိုင်ငံက ကြီးမှူး၍ Video Conferencing ဖြင့် ကျင်းပရာ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးဝန်ကြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ဘာသာရပ်ဆိုင်ရာကဏ္ဍများမှ တာဝန်ရှိသူများက သက်ဆိုင်ရာရုံးဌာနများမှ Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ၂၀၄၅ ခုနှစ်မတိုင်မီ အကောင်အထည်ဖော်ဆောင်ရွက်မည့် (ASEAN Power Grid Financing Facility(APGF)) စီမံကိန်းများတွင် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် လာအိုနှင့် ထိုင်းနိုင်ငံတို့ထံမှ နိုင်ငံဖြတ်ကျော် လျှပ်စစ်ဓာတ်အား ချိတ်ဆက်ရယူနိုင်ရေးစီမံကိန်းများ ပါဝင်လာစေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်များ အနေဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ ပထဝီအနေအထားနှင့် ပထဝီနိုင်ငံရေးအခွင့်အလမ်းများကို အသုံးချ၍ ဒေသတွင်းစီးပွားရေးနှင့် စွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းများ လာရောက်ရင်းနှီးမြှုပ်နှံဖော်ဆောင်ကြရန် ဖိတ်ခေါ်ကြောင်း၊ မိမိနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများ၏ စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် အတူတကွ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် က ဒေသတွင်းစွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအင်ဖူလုံမှု၊ စွမ်းအင်ရယူသုံးစွဲနိုင်မှုနှင့် ကြံ့ကြံ့ခံနိုင်မှုကိုတိုးမြှင့်ရန် ထိရောက်မှုရှိသော၊ အားလုံးပါဝင်နိုင်သောချဉ်းကပ်မှုဖြင့် အလေးထားဆောင်ရွက်ကြရန်၊ မြန်မာနိုင်ငံတွင် စွမ်းအင်အရင်းအမြစ်များ ပေါများသည့်အတွက် အာဆီယံနိုင်ငံများ၏ စွမ်းအင်ကဏ္ဍရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုကြောင်း ဆွေးနွေးပြောကြားသည်။

ယနေ့ အစည်းအဝေးတွင် အာဆီယံနိုင်ငံဖြတ်ကျော်လျှပ်စစ်ဓာတ်အား ချိတ်ဆက်ရောင်းဝယ်မှု စီမံကိန်းများအတွက် ဘဏ္ဍာငွေထောက်ပံ့မှုစနစ် (ASEAN Power Grid Financing Facility(APGF)) ဖြစ်ပေါ်လာစေရေး မဟာဗျူဟာကိစ္စရပ်များ၊ အာဆီယံနိုင်ငံဖြတ်ကျော် လျှပ်စစ်ဓာတ်အား ချိတ်ဆက်ရောင်းဝယ်မှုစီမံကိန်းများ (ASEAN Power Grid – APG) အကောင်အထည်ပေါ်လာစေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်တို့က ဘဏ္ဍာငွေထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းအစီအမံများဆိုင်ရာ ကိစ္စရပ်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများ၊ ဘဏ္ဍာရေးဝန်ကြီးများနှင့်ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်တို့အကြား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြစ်ကြီးနားမြို့နယ်နှင့် သုံးခွမြို့နယ်ရှိ သံဃာတော်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အေးစေတီကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**စီစဉ်ဆောင်ရွက်ပေး**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၅ ပါးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ် စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ရေပေါ်ကန်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် နှစ်ပါး၊ ကျောင်းသား ကျောင်းသူ ၂၂ ဦးနှင့် ဒေသခံပြည်သူ ၁၀၇ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရေပေါ်ကန်ရွာဦးကျောင်းတိုက်၌ အခြေပြု၍ အရိုးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းတိုက်ဆရာတော်များအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်းများ၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့တွင် ဥတ္တရသီရိမြို့နယ် အထက (၁၂) နှင့် ပုဗ္ဗသီရိမြို့နယ် အထက(၃) တို့တွင် ကျင်းပသည်။

ဟောပြောပွဲတွင် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး စာရေးဆရာကြီး ကိုရွှေအောင်သင်းက “လူငယ်နှင့်အနာဂတ်နိုင်ငံတော်” ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကာ ဗဟုသုတမေးခွန်းများမေးမြန်း၍ ပြန်လည်ဖြေဆိုနိုင်သည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**

# တရုတ်နိုင်ငံ ကွမ်ရှီးရုပ်သံရိုက်ကူးရေးအဖွဲ့ နေပြည်တော်တွင် မှတ်တမ်းရုပ်ရှင်ရိုက်ကူး

**နေပြည်တော် ဩဂုတ် ၁၄**

“ပွင့်လန်းသာယာ လန်ချန်း – မဲခေါင် ဂေဟာ” ရုပ်သံမှတ်တမ်းအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပူးပေါင်းရိုက်ကူးမည့် တရုတ်နိုင်ငံ နန်နင်းမြို့ရှိ ကွမ်ရှီးအသံလွှင့်နှင့် ရုပ်မြင်သံကြားဌာနမှ ညွှန်ကြားရေးမှူး မစ္စတာ Yang Chun ဦးဆောင်သည့် ရိုက်ကူးရေးအဖွဲ့ဝင် ခုနစ်ဦးသည် ဩဂုတ် ၁၂ ရက်မှစ၍ နေပြည်တော်တွင် ရိုက်ကူးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် နေပြည်တော်- လယ်ဝေးမြို့နယ်ရှိ အောင်သာကျေးရွာတွင် လန်ချန်း-မဲခေါင်စီမံကိန်းဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ထားရှိမှုနှင့် ပျဉ်းမနား-ရေဆင်းရှိ သစ်တောသုတေသနဌာနတွင် သုတေသနဆောင်ရွက်မှုအခြေအနေများအပြင် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် သာယာလှပမှုများကို ရုပ်သံမှတ်တမ်းရိုက်ကူးနေခြင်းဖြစ်သည်။

ယနေ့ ညနေပိုင်းတွင် ကွမ်ရှီးရိုက်ကူးရေးအဖွဲ့သည် နေပြည်တော်-ဒက္ခိဏသီရိမြို့နယ်ရှိ ကမ္ဘာပေါ်တွင် စကျင်ကျောက်ဖြင့် ထုဆစ်ထားသော ဗုဒ္ဓရုပ်ပွားတော်များတွင် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ကြပြီး ရုပ်ပွားတော်မြတ်ကြီးအပြင် ရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များဖြင့် တည်ဆောက်ထားရှိသည့် ဂန္ဓကုဋိတိုက် ၂၄ ဆောင်၊ စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်းထားသည့် ကျောက်စာရုံစေတီတော် အဆူ ၇၂၀၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတို့ကို သွားရောက်လေ့လာပြီး ရိုက်ကူးကြသည်။

အဆိုပါအဖွဲ့သည် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ဩဂုတ် ၁၉ ရက်အထိ ဆက်လက်ရိုက်ကူးကြမည်ဖြစ်ပြီး ယင်းတို့ ရိုက်ကူးနေသည့် “ပွင့်လန်းသာယာ လန်ချန်း-မဲခေါင်ဂေဟာ” ရုပ်သံမှတ်တမ်းအစီအစဉ်တွင် လန်ချန်း-မဲခေါင်ဒေသနိုင်ငံများဖြစ်ကြသော တရုတ်၊ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရုပ်သံမှတ်တမ်းများအား စုစည်း၍ တည်းဖြတ်ပြီးပါက ယင်းနိုင်ငံများတွင် ထုတ်လွှင့်ပြသနိုင်ရန် ဖြန့်ဝေပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းက ဆောင်ရွက်နေသည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာများ၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးထံ မြန်မာ - အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက လျှော်ဘေးသင့်ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

**သတင်းစဉ်**





# မြန်မာနိုင်ငံနှင့် အီဂျစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့တွင် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံ သံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim အား ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အီဂျစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ၊ ဝါသီးနှံကဏ္ဍ ဖွံ့ဖြိုးရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးဆိုင်ရာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ လယ်ယာသားငါးထွက်ကုန်များ၊ လယ်ယာသုံး စက်ပစ္စည်းများနှင့် စိုက်ပျိုးရေး သွင်းအားစုများ အပြန်အလှန် တင်သွင်းတင်ပို့နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# မလှိုင်မြို့နယ်၌ မိုးကြိုဝါသီးနှံစိုက်ကေများအား ကွင်းဆင်းကြည့်ရှုအားပေး

**မလှိုင် ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် သမဝါယမဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးကြိုဝါသီးနှံစိုက်ပျိုးခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မလှိုင်မြို့နယ် ဖက်ကုန်းကျေးရွာ၌ ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းကိုနှင့် ဝန်ထမ်းများက သွားရောက်ကာ မိုးကြိုဝါသီးနှံစိုက်ကေများအား ကွင်းဆင်းကြည့်ရှုအားပေးသည်။

မိုးကြိုဝါသီးနှံစိုက်ပျိုးခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေးနှင့် ဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ မြို့နယ်သမဝါယမဦးစီးဌာနမှ B-31 မျိုးနှင့် သွင်းအားစုများမှ ပံ့ပိုးပေးထားသည့် ဖက်ကုန်းကျေးရွာရှိ ဖက်ကုန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၊ အသင်းသားတောင်သူ ၁၉ ဦး၏ မိုးကြိုဝါသီးနှံစိုက်ကေ ၃၀ အား မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းကိုနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါ မိုးကြိုဝါသီးနှံသည် လက်ရှိအချိန်အထိ ခြောက်ကြိမ်ခူးဆွတ်ထားပြီး ပျမ်းမျှအထွက်နှုန်းမှာ တစ်ကေလျှင် ပိဿာ ၆၁၀ ထွက်ရှိကြောင်း၊ ရာသီကုန်အထိ မိုးကြိုဝါအထွက်နှုန်း တစ်ကေလျှင် ၇၁၅ ပိဿာခန့်ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**ဇော်မင်း(မလှိုင်)**



# တိုက်ကြီးမြို့နယ်၌ ပိုက်ဆံလျှော်သီးနှံစိုက်ပျိုးရေး ကွင်းသရုပ်ပြပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၄**

တိုက်ကြီးမြို့နယ်၌ လယ်ယာမြေများ၏ မြေဆီလွှာများ ဖွံ့ဖြိုးကောင်းမွန်လာစေရန်၊ တောင်သူများအနေဖြင့် ပိုက်ဆံလျှော်သီးနှံအား မြေသြဇာအဖြစ် အသုံးချတတ်စေရန် ရည်ရွယ်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လယ်ယာကန်သင်းနှင့် သီးနှံမစိုက်ပျိုးနိုင်သော မြေများတွင် ပိုက်ဆံလျှော်သီးနှံစိုက်ပျိုးရေး ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်က ကျိုက်စကိုင်းကျေးရွာ တောင်သူဦးစိုးဝင်းမောင်၏ လယ်မြေ၌ ကျင်းပသည်။



ဦးစွာ ခရိုင်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်က ပိုက်ဆံလျှော်သီးနှံအား သစ်စိမ်းမြေသြဇာအဖြစ် တွင်တွင်ကျယ်ကျယ် စိုက်ပျိုးအသုံးချရေး ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုးက ပိုက်ဆံလျှော်သီးနှံအား မျိုးစေ့ထုတ်လုပ်စုဆောင်း၍ သစ်စိမ်းမြေသြဇာအဖြစ် အသုံးချခြင်းဖြင့် တောင်သူများ၏ စိုက်ပျိုးမြေဆီလွှာများတွင် ရုပ်ဂုဏ်သတ္တိနှင့် ဓာတ်ဂုဏ်သတ္တိ တိုးတက်စေနိုင်ကြောင်း ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် တောင်သူတစ်ဦးက မိမိတို့လယ်ယာမြေရှိ လယ်ကန်သင်းများ၌ သစ်စိမ်းမြေသြဇာပိုက်ဆံလျှော်ပင် ထည့်သွင်းစိုက်ပျိုးခြင်း၏ အကျိုးရလဒ်ကို မျှဝေဆွေးနွေးပြီးနောက်စိုက်ပျိုးရေးဦးစီးဌာနက ပိုက်ဆံလျှော် သီးနှံကြဲပက်ခြင်း သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# မြစ်သားမြို့နယ်၌ မိုးစပါးလက်ဆွဲမျိုးစေ့ချကိရိယာစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**မြစ်သား ဩဂုတ် ၁၄**

မြစ်သားမြို့နယ်၌ ဒေသခံတောင်သူများ လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုလာစေရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်း ဆောင်ရွက်နိုင်ရေး၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မိုးစပါးလက်ဆွဲမျိုးစေ့ချ ကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့နံနက်က မြစ်သားမြို့နယ် လမ်းခွကျေးရွာ ကွင်းအမှတ်(၄၇၀)၊ ဦးပိုင်အမှတ် (၃၅/၁) ရှိ ဒေသခံတောင်သူ ဦးဟိန်းထက်၏ လယ်မြေနှစ်ကေတွင် မနေသုခစပါးမျိုးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြသသည်။

မိုးစပါး လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲတွင် ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်မိမ်းထွေးက အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းလင်းက မိုးစပါးလက်ဆွဲ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကြောင့် ကောက်ကွက်ပြည့်မီခြင်း၊ ပျိုးနုတ်ရန် မလိုခြင်းကြောင့် ပျိုးပင်ထိခိုက်မှုသက်သာစေခြင်း၊ အမြစ်ကြီးထွားဖွံ့ဖြိုးမှုကောင်းမွန်စွာရရှိစေခြင်း စသည့်



အကျိုးကျေးဇူးများ ရရှိကြောင်းကို ဒေသခံ တောင်သူများအား ရှင်းလင်းပြောကြားသည်။

အဆိုပါ မိုးစပါးလက်ဆွဲ မျိုးစေ့ချကိရိယာ စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ ခရိုင်စီမံကိန်းရေးရေးဆွဲရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်ဦးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းရေးအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ စုစုပေါင်းအင်အား ၁၇၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝါဝါမြင့် (မြစ်သား)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊**
**သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# အနာဂတ်ဘဝတွေလှပအောင် အမှန်လမ်းက လျှောက်ကြမည်

မိုးမြင့်

ကျွန်တော်တို့မြန်မာတချို့ အတိုင်းအတာတစ်ခုအထိ အစွန်းရောက်ခဲ့ကြပြီးပြီ။ ပညာနှင့် သဒ္ဓါနှစ်ဖက်တွင် ဘက်မညီခဲ့ကြ၊ ပညာအားနည်းတော့ သဒ္ဓါပိုခဲ့ကြသည်။ ယုံကြည်မှုအစွန်းရောက်ခဲ့ပြီး အမုန်းနှင့် အချစ်ကို မသဲကွဲ၊ ပုဂ္ဂိုလ်အစွဲလွန်တော့ အမှားကို အမှန်ထင်၊ အမှန်ကို အမှားမြင်၊ အပြစ်မမြင် အကောင်းထင်၍ လိုချင်ပြင်းပြလေသာ၊ ငါမှတစ်ပါး အခြားမရှိ မာန၊ အယူမှားဒိဋ္ဌိများအောက်တွင် ဖိစီးမှုတသီတတန်းကြီးနှင့် အပျက်အစီးများအောက် ပြားပြားဝပ်ခဲ့ကြရသည်။

## အမြင်ကို မှန်သင့်ပြီ... အနာဂတ်ဘဝအတွက်

ကျွန်တော်တို့ ဘယ်လောက်အထိ မောဟတွေများခဲ့ကြပါသလဲ၊ လောဘ၊ ဒေါသအောက်တွင် ကိုယ့်ကိုယ်ကိုယ် အဒိန္နာဒါနာ (သူများဥစ္စာခိုးယူခြင်း) ကိုပင် ကျူးလွန်၍ ကျူးလွန်နေမှန်းမသိ၊ ကျူးလွန်လျှင် အပြစ်ဖြစ်မည်မှန်းမသိ၊ ကျူးလွန်သူကိုလည်း အားပေးလို့ အားပေးမိမှန်း မသိလောက်အောင် မောဟအထုံမှာ ယစ်မူးခဲ့ကြသည်။ နောက်ဆက်တွဲ မုသာဝါဒါ၊ ပါဏာတိပါတာများ၌ မွေ့လျော်ခဲ့ကြ၊ ဒုစရိုက်အမှုများစွာကို ထက်ထက်သန်သန်ကြီး ကျူးလွန်ခဲ့ကြတော့သည်။ ယခုအချိန်မှာတော့ ထိုအမှားများ ပြီးဆုံးချိန်တန်ပါပြီ၊ နိဂုံးလည်းချုပ်သင့်ပါပြီ။ အမြင်မှန်လည်း ရသင့်ကြပါပြီ။ ထို့အတွက် ယခုအခြေအနေတွင် ဖွင့်ထားသောစာမျက်နှာသစ်များ၌ လှလှပပလက်ရေးလက်သားများဖြင့် အားလုံးအတူပါဝင်လျက် စေတနာပါပါ ရေးသားအရောင်ခြယ်နိုင်ကြရန် ကာသာ အမိကအရာဖြစ်နေပါပြီ။

ယခုအချိန်၌ ယခင်က အမည်းအစွန်းများနေရာတွင် ပုံရိပ်ကောင်းများ ထင်လာအောင်၊ နိုင်ငံ့အနာဂတ်လှပအောင် တာဝန်ရှိသူများက ပြင်းပြင်းထန်ထန်ကြိုးစားနေသည်ကို တွေ့ရသည်။ နိုင်ငံ့အနာဂတ်အတွက်ဆိုသည်က ပြည်သူများ လိုလားသည့်အရာ၊ ငါတို့အတွက်၊ နိုင်ငံအတွက် တာဝန်ထမ်းဆောင်ပေးမည့်၊ အရည်အချင်းရှိသည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ထွက်ပေါ်လာရေးက အရေးပါနေသည်၊ ထို့အတွက် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်နှင့်အတူ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ရေး အလွန့်အလွန်ကို အရေးကြီးလာသည်။

အမျိုးသားအကျိုးစီးပွားနှင့်ကိုက်ညီမည့် စစ်မှန်စည်းကမ်းပြည့်ဝမှုဆိုသည်မှာ အဓိပ္ပာယ်ရှိသည်။ ရွေးကောက်ပွဲအောင်မြင်မှ ပြည်သူအများစု ရွေးချယ်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့်လွှတ်တော်များပေါ်လာမည်ဖြစ်ပြီး လွှတ်တော်ခေါ်နိုင်မှ နိုင်ငံအတွက် အလုပ်လုပ်မည့် အစိုးရများ ပေါ်ထွက်လာမည်မဟုတ်ပါလား။ ထိုလုပ်ငန်းစဉ်အားလုံးက လက်ရှိ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနှင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်တို့နှင့်အတူ ကျွန်တော်တို့၏ တာဝန်များလည်း ဖြစ်လာသည်။

ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင်လုပ်မှာတော့ သေချာနေပါပြီ။ ပို၍သေချာသည်က ယခင်ပုံရိပ်ဆိုးများကို ပုံရိပ်ကောင်းများဖြင့် အစားထိုးမည့်သမိုင်းပေးတာဝန်ကြီးတစ်ရပ် ရှိနေခြင်းပင်ဖြစ်သည်။ ဖွဲ့စည်းခဲ့သည့်ရွေးကောက်ပွဲကော်မရှင်အသစ်က မဲဆန္ဒနယ်အလိုက် အချက်အလက်များကို ကောက်ယူပြီး မဲစာရင်းများ မှန်ကန်မှုရှိအောင် ဆောင်ရွက်နေသည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းလည်း ပြီးစီးခဲ့ပါပြီ။ ရွေးကောက်ပွဲကျင်းပနိုင်မည့် မြို့နယ်အားလုံးတွင် ရွေးကောက်ပွဲကို အောင်အောင်မြင်မြင်ကျင်းပနိုင်မှာ သေချာသည့်အတွက်လည်း လွှတ်တော်အစည်းအဝေးများကျင်းပချိန်မှာ တက်ရောက်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်က အနည်းဆုံးတော့ ၅၀ ရာခိုင်နှုန်းရှိမည် သေချာပါသည်။ မဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့်မဆုံးရှုံးစေရဘဲ မဲပေးနိုင်အောင် ဆောင်ရွက်ပေးသွားမည်လည်းဖြစ်သည်။ သဘာဝကပ်ဘေးအပါအဝင် အခြားအခြားသော ကပ်ဘေးများကြောင့် ရှောင်လွှဲမရသည့် ရွှေ့ပြောင်းနေထိုင်ရသူများ၊ ရွှေ့ပြောင်းတာဝန်ထမ်းနေကြသူများအတွက်လည်း ကြိုတင်မဲဖြင့် မဲပေးနိုင်အောင် စီမံရမည်ဖြစ်သည်။

> ❖ ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင်လုပ်မှာတော့ သေချာနေပါပြီ။ ပို၍သေချာသည်က ယခင်ပုံရိပ်ဆိုးများကို ပုံရိပ်ကောင်းများဖြင့် အစားထိုးမည့်သမိုင်းပေးတာဝန်ကြီးတစ်ရပ်ရှိနေခြင်းပင်ဖြစ်သည်။ ဖွဲ့စည်းခဲ့သည့်ရွေးကောက်ပွဲကော်မရှင်အသစ်က မဲဆန္ဒနယ်အလိုက် အချက်အလက်များကို ကောက်ယူပြီး မဲစာရင်းများ မှန်ကန်မှုရှိအောင် ဆောင်ရွက်နေသည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းလည်း ပြီးစီးခဲ့ပါပြီ။ ရွေးကောက်ပွဲကျင်းပနိုင်မည့် မြို့နယ်အားလုံးတွင် ရွေးကောက်ပွဲကို အောင်အောင်မြင်မြင်ကျင်းပနိုင်မှာ သေချာသည့်အတွက်လည်း လွှတ်တော်အစည်းအဝေးများကျင်းပချိန်မှာ တက်ရောက်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်က အနည်းဆုံးတော့ ၅၀ ရာခိုင်နှုန်းရှိမည် သေချာပါသည်။ မဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့်မဆုံးရှုံးစေရဘဲ မဲပေးနိုင်အောင် ဆောင်ရွက်ပေးသွားမည်လည်းဖြစ်သည်။ သဘာဝကပ်ဘေးအပါအဝင် အခြားအခြားသောကပ်ဘေးများကြောင့် ရှောင်လွှဲမရသည့် ရွှေ့ပြောင်းနေထိုင်ရသူများ၊ ရွှေ့ပြောင်းတာဝန်ထမ်းနေကြသူများအတွက်လည်း ကြိုတင်မဲဖြင့် မဲပေးနိုင်အောင် စီမံရမည်ဖြစ်သည်

ရွေးကောက်ပွဲဝင်မည့် ပါတီများ မဲစည်းရုံးခွင့်၊ ပါတီရုံးဖွင့်ခွင့်၊ ပါတီဝင်ခွင့်ရှိသူများ ပါတီဝင်ခွင့်၊ ကိုယ်စားလှယ်လောင်းများအတွက် လုံခြုံရေးစိတ်ချရသည့် အနေအထားများဖြစ်ရေး အာမခံချက်ရှိအောင် ဆောင်ရွက်သွားမည်လည်းဖြစ်သည်။ မဲပေးမည့်ပြည်သူများအတွက် လုံလုံခြုံခြုံမဲပေးနိုင်ရေး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အရေးကြီးသည်က ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် လုံခြုံရေးကိစ္စများတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုပင်ဖြစ်သည်။ မိမိတို့၏မဲပေးပိုင်ခွင့်ကို မဆုံးရှုံးစေချင်ပါ၊ ဒီမိုကရေစီနှင့်အတူ နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို အရေးတကြီး လိုအပ်နေသည့်အချိန်အခါ မဟုတ်ပါလား။ သို့ဖြစ်၍ ကျွန်တော်တို့ ပြည်သူများတွင် အတိုင်းအတာတစ်ခုအထိ စိတ်ဓာတ်ရေးရာအရ၊ နိုင်ငံရေးအရ ရင့်ကျက်မှုများ ပြသနိုင်ရန် လိုနေပါပြီ။ ထို့ပြင် ရွေးကောက်ပွဲစနစ်တွင် FPTP စနစ်အပြင် PR စနစ်ပါ ကျင့်သုံးရန်ဖြစ်လာသည်။ ၎င်းအချက်က ပါတီအများစုအတွက်ကော တိုင်းရင်းသားများအတွက်ပါ လူစုံ၊ အရောင်စုံဖြင့် လွှတ်တော်တွင်း တာဝန်ထမ်းရွက်ကြရန် အခွင့်အရေးတစ်ခုအဖြစ် မြင်မိသည်။

## MEVM နှင့်ပတ်သက်၍

နောက်ထပ် အာမခံချက်တစ်ခုက ယခုရွေးကောက်ပွဲတွင် မဲမသမာမှုမဖြစ်စေရေး အီလက်ထရွန်နစ်မဲပေးစက်များဖြင့် မဲပေးနိုင်အောင် စီမံဆောင်ရွက်ထားခြင်းပင် ဖြစ်သည်။ MEVM ဆိုတာကို ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ ဒီမိုကရေစီ ပြယုဂ် ကောင်းတစ်ခုအဖြစ် မြင်ပါသည်။ ပြည်သူများ၊ ပါတီများ၊ အစိုးရနှင့် UEC တို့အကြား ရွေးကောက်ပွဲလုပ်ငန်းစဉ်အပေါ် ပွင့်လင်းမြင်သာမှု၊ ယုံကြည်စိတ်ချရမှု၊ လုံခြုံမှုတို့နှင့်ပတ်သက်၍ စွမ်းဆောင်ရည်ကိုပြသနိုင်မည့် Tool တစ်ခုလည်း ဖြစ်သည်။ IT နည်းပညာနှင့် ချိတ်ဆက်ထားသည့် မဲပေးခြင်း၊ မဲထည့်ခြင်း၊ အလိုအလျောက် မဲရေတွက်ခြင်း လုပ်ငန်းစဉ်များကို ဘယ်လိုလုပ်ပြီး ကလီကမာ၊ မသမာလုပ်၍ ရနိုင်မည်နည်း။ ဒီလိုစွမ်းဆောင်ရည်ကပင် မဲမသမာမှုကို တားဆီးပေးသွားနိုင်ခြင်းဖြစ်သည်။ အကြောင်းက လူကြောင့်မှားသည့်အမှားမျိုး စက်၌မရှိခြင်းကြောင့်ဖြစ်သည်။ လူနှင့်စက်မှာ စိတ်ခံစားမှုအခြေခံလည်းရှိ၊ အစွဲလွန် လွှမ်းမိုးခြယ်လှယ်တတ်ပြီး အဂတိလည်း မကင်းတတ်သည့် လူသားနှင့်စက်ကို နှိုင်းယှဉ်စဉ်းစားနိုင်လျှင် ယခုလို အရေးကြီးသည့်ရွေးကောက်ပွဲမျိုးမှာ လူထက် စက်ကိုရွေးချယ်တာ မှားမည်မထင်ပါ။

ပိုပြီး မြန်မြန်ဆန်ဆန်ပြီးမြောက်နိုင်သည့်အနေအထားတွင်လည်း စက်က ပိုသာသည်။ MEVM များကို ငွေကြေးအကုန်အကျခံ၍ ဆောင်ရွက်ထားရသည်ဟု သိရသည်။ သို့သော် နောက်နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင်လည်း ဆက်လက် အသုံးပြုနိုင်မည်ဖြစ်၍ ရေရှည်တွင် ကုန်ကျစရိတ်ကို ကာမိနိုင်မည်ဟု ယူဆပါသည်။ သို့သော်လည်း မည်သည့်စနစ် ကျင့်သုံးသည်ဖြစ်စေ အားသာချက်နည်းတူ အားနည်းချက်များလည်း ရှိနိုင်သည်။ နည်းပညာနှင့် ပတ်သက်သည့် စနစ်သစ်တစ်ခုကို ယုံကြည်လက်ခံလာစေရေး ပြည်သူများကို မိတ်ဆက်ပညာပေးစည်းရုံးရမည့် တာဝန်များ ရှိလာသည်။ မဲရုံဝန်ထမ်းများ နားလည်သဘောပေါက်ရန် သင်တန်းများ ပေးရသည်။ ဘယ်လိုပဲဖြစ်ဖြစ် MEVM ၏ အားသာချက်များစွာအနက် မဲမသမာမှုကို ကာကွယ်နိုင်မည်ဆိုသည့် အားသာချက်တစ်ခုနှင့်ပင် ယခင်ဖြစ်ခဲ့သည့် မဲမသမာမှုနောက်ဆက်တွဲဆိုးကျိုးများ ထပ်မံမဖြစ်ရန် ကာကွယ်တားဆီးရာ ရောက်နေပါသည်။


## သင်ခန်းစာကိုယ်စီနှင့်အတူ တူညီသည့်အမှားမျိုး ထပ်မကြုံရစေရန်

မှန်ပါသည်။ ကျွန်တော်တို့ "တစ်ခါသေဖူး ပျဉ်ဖိုးနားလည်" ဆိုသလို ဆုံးရှုံးနစ်နာမှုကိုယ်စီနှင့် သင်ခန်းစာများ ရခဲ့ကြပါပြီ။ ယခုလာမည့် ရွေးကောက်ပွဲမှာ မဲမသမာမှုဆိုသည့်စကား မကြားချင်တော့ပါပြီ။ နိုင်ငံရေးဖြစ်စဉ် အမှားတစ်ခု၏ ကြောင်းကျိုးသံသရာကို ဖြတ်တောက်ရန် အခွင့်အခါကောင်းကို ပြည်သူအားလုံး ဆုပ်ကိုင်ကြရန် အချိန်တန်ပါပြီ။ အမှားတစ်ခုမဖြစ်အောင် တာဝန်ယူတာဝန်ခံ ဆောင်ရွက်မည့်သူတွေလည်း အသင့်ရှိနေကြပြီ။ ဤအတွက် တရားမျှတသော ရွေးကောက်ပွဲ၊ စစ်မှန်စည်းကမ်းပြည့်ဝသော

စာမျက်နှာ ၇ သို့

> ❒ အမှားကိုအမှန်ပြင်ရန် ကြိုးစားနေစဉ်မှာပင် အမှားကနေအမှား သွားချင်နေသူအုပ်စုလည်းရှိနေပြန်သည်။ ဒါသည်လည်း သဘာဝပေမို့ အကောင်းအဆိုးက ဒွန်တွဲမြဲပါ။ အပြုသဘောရှိနေလျှင် အဖျက်သဘောလည်း ရှိနေမည်သာ။ ဆက်ပြီးဖျက်နေ၊ ဆက်ပြီးပျက်နေသည်ကို ပျော်နေကြသူတွေထဲ ကိုယ်မပါမိရန်သာလိုသည်။ အရေးအကြီးဆုံးက လမ်းကြောင်းမှန်ကို ဆက်လျှောက်နေကြရန်သာ။ အချို့သောကိစ္စရပ်များက ကြိုတင်ကာကွယ်သည့်သဘောနှင့် တိုက်ရိုက်ကုသသွားရမည့်အခြေအနေများ ဖြစ်နေသည်။ မည်သည့်စိန်ခေါ်မှုများရှိနေပါစေ၊ နိုင်ငံတော်အနေဖြင့် အောင်မြင်အောင်ဆောင်ရွက်သွားမည်ဖြစ်သလို အောင်မြင်မည်ဟုလည်း ပြည်သူအများက ယုံကြည်ထားပါသည်။ ယုံကြည်မှုရှိမှလည်း တည်ငြိမ်မှုရှိမည် မဟုတ်ပါလား

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူး/ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာယာယီညှိနှိုင်းရေးမှူးနှင့်ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူး/ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Michael Dunford နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

တွေ့ဆုံစဉ် ဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂ အဖွဲ့အစည်းများအား ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးနေမှု၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၌ တာဝန်ထမ်းဆောင်နေသည့် ရခိုင်ပြည်နယ်မှ ဒေသခံ ဝန်ထမ်းများအနက် NV ကတ် ကိုင်ဆောင်ထားသူများအား ဥပဒေနှင့်အညီ နိုင်ငံသားလျှောက်ထား ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ညှိနှိုင်းရေးမှူးရုံး (UNRCO) ၏ ညှိနှိုင်းချက်အရ ရခိုင်ပြည်နယ်မှ UN/INGO ဝန်ထမ်းများနှင့်မိသားစုများအား ရန်ကုန်မြို့တွင် ခေတ္တနေထိုင်ခွင့်ပြုထားရှိမှုနှင့် နယ်မြေတည်ငြိမ်အေးချမ်းပါက ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရန် စေလွှတ်ဆောင်ရွက်ရေး၊ WFP အနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီပံ့ပိုးရာတွင် MoU တွင် ပါရှိသော ထောက်ပံ့ရေးနည်းလမ်းများနှင့်အညီ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အား UNHCR ဖြင့် လက်တွဲပူးပေါင်း ဆောင်ရွက်နေမှုအခြေအနေနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၆၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်ကျောင်းသားကျောင်းသူ ၆၁ ဦး ထပ်မံ၍ကျောင်းအပ်နှံသဖြင့် စုစုပေါင်းကျောင်းသား ကျောင်းသူ ၈၁၄၆ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ **(အပေါ်ယာပုံ)**

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၂၈ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသား ပြည်သူ ၂၉ ဦးအား သွေးအမျိုးအစား စစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူ ၄၉ ဦးအား ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့် ပတ်သက်၍ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းအပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၄၉ ဦး တက်ရောက် ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ခရမ်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်ရေးရာဟောပြောပွဲကျင်းပ

**ခရမ်း ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် လူငယ်ရေးရာ ဟောပြောပွဲ၊ လူငယ်စကားဝိုင်း၊ ပုံပြောပြိုင်ပွဲ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများနှင့် ဂိမ်းကစားပြိုင်ပွဲများကို ယမန်နေ့က ခရမ်းမြို့ အထက (ညောင်ပင်ကွင်း) ကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် အထက (ညောင်ပင်ကွင်း) ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားကာ လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက ဦးဆောင် ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသားကျောင်းသူများက လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် ဆိုရှယ်မီဒီယာခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၊ (အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်း-အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်း ကမ်းခြေ)၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဩရိဿပြည်နယ်တောင်ပိုင်း - အင်ဒရာပရာဒေ့ရှ် ပြည်နယ်မြောက်ပိုင်းကမ်းရိုးတန်းဒေသများကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

အမျိုးသားအကျိုးစီးပွားနှင့် ကိုက်ညီသည့် ရွေးကောက်ပွဲ၊ မသမာမှုဟူသည်မရှိစေရ အာမခံသည့် ရွေးကောက်ပွဲ စသည်များအတွက် အကြိမ်ကြိမ်ကတိပေး၍ တာဝန်ရှိသူအဆင့်ဆင့်က ကြိုးပမ်းအကောင်အထည်ဖော်နေကြသည်မှာ မျက်မြင်ပင်ဖြစ်သည်။ အခက်အခဲတွေကြားမှ နိုင်ငံတည်ငြိမ်ရေး၊ လုံခြုံရေးအတွက် သစ္စာရှိရှိ တာဝန်ကျေခဲ့ကြသည့် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းအဖိတ်အစင်များ၊ အရင်းအနှီးများ အမြောက်အမြားရှိခဲ့ပြီ။ သို့သော် လာမည့် ရွေးကောက်ပွဲ စက်ဝန်းတစ်ခုလုံး ကောင်းမွန်စွာ လည်ပတ်နိုင်ရေး၊ မဲပေးမည့်ပြည်သူများ၊ အရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများ၏ လုံခြုံရေးအတွက် ဆက်၍တာဝန်ထမ်းနေကြဦးမည်ဖြစ်သည်။ အားလုံးလိုလားသည့် ဆန္ဒမဖြစ်ဖြစ်အောင် အကောင်အထည်ဖော်မည်ဟူသည့် ခံယူချက်တစ်ခုအတွက်၊ တရားမျှတမှုတစ်ခုအတွက် အမှားတစ်ခုထပ်မဖြစ်စေရေးအတွက်ပင် ဖြစ်ပါလိမ့်မည်။

**အမှားကိုအမှန်ပြင်ရန် ကြိုးစားနေစဉ်မှာပင်အမှားကနေအမှားသွားချင်နေသူ အုပ်စုလည်းရှိနေပြန်သည်။** ဒါသည်လည်း သဘာဝပေမို့ အကောင်းအဆိုးကဒွန်တွဲမြဲပါ။ အပြုသဘောရှိနေလျှင် အဖျက်သဘောလည်း ရှိနေမည်သာ။ ဆက်ပြီးဖျက်နေ၊ ဆက်ပြီးပျက်နေသည်ကို ပျော်နေကြသူတွေထဲ ကိုယ်မပါမိရန်သာလိုသည်။ အရေးအကြီးဆုံးက လမ်းကြောင်းမှန်ကို ဆက်လျှောက်နေကြရန်သာ။ အချို့သောကိစ္စရပ်များက ကြိုတင်ကာကွယ်သည့် သဘောနှင့် တိုက်ရိုက်ကုသသွားရမည့်အခြေအနေများ ဖြစ်နေသည်။ မည်သည့်စိန်ခေါ်မှုများရှိနေပါစေ၊ နိုင်ငံတော်အနေဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်သလို အောင်မြင်မည်ဟုလည်း ပြည်သူအများက ယုံကြည်ထားပါသည်။ ယုံကြည်မှုရှိမှလည်း တည်ငြိမ်မှုရှိမည် မဟုတ်ပါလား။ ။

# တောင်ကြီးမြို့၌ မေတ္တာစိမ့်စမ်း မူလတန်းကြိုကျောင်းဖွင့်ပွဲနှင့် ရှမ်းပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

**တောင်ကြီး ဩဂုတ် ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒေသခံအလှူရှင်မိသားစုက ဆောက်လုပ်လှူဒါန်းသော တောင်ကြီးမြို့ ဟမ်းပလို့ကျေးရွာရှိ မေတ္တာစိမ့်စမ်းမူလတန်းကြိုကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အလှူရှင်များက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး (ယာပုံ) ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာဖြင့်ပက်ဖျန်း၍ ကျောင်းဆောင်အလှူရှင်နှင့် ကျောင်းအဝင်လမ်းအလှူရှင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ထောက်ပံ့ငွေများပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ပေးမှုများ ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် မှန်ကန်မြန်ဆန်စွာရောက်ရှိရေး၊ ကိန်းဂဏန်းအချက်အလက် အထောက်အထားများဖြင့် စနစ်တကျပြုစုထောက်ပံ့ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် ဧပြီမှ ဇွန်အထိ သုံးလစာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ်သန်းပေါင်း ၅၃၉၄ ဒသမ ၂၄၀ သန်းကို ပြည်နယ်ဝန်ကြီးချုပ်ထံလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်၊ ပင်းတယမြို့နယ်နှင့် ပင်လောင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် အသက်နှစ်နှစ်အောက်ကလေး ၁၆ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ငါးဦး၊ အသက် ၇၅ နှစ်အထက်ရှိ သက်ကြီး ၁၀ ဦးနှင့် မသန်စွမ်းသူ ၁၁ ဦး စုစုပေါင်း ၄၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၂၆၀၀၀၀ ကို ပြည်နယ်လူမှုရေးရာဝန်ကြီးထံ လည်းကောင်း လွှဲပြောင်းပေးအပ်သည်။



ရှမ်းပြည်နယ်အတွင်း ရောက်ရှိခိုလှုံနေသော နေရပ်စွန့်ခွာပြည်သူများသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ထားရှိမှုမှာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီမှ ဇွန်အထိ ငွေကျပ်သန်းပေါင်း ၁၁၃၂၂ ဒသမ ၅၄ သန်းရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင် ပြည်ထောင်စုနယ်မြေ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုနယ်မြေ၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က MEVM မဲပေးစက်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်း မဲဆန္ဒရှင်များအား MEVM စက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအနေဖြင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ကြောင်းနှင့် လွှတ်တော်(၃)ရပ်၏ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# လယ်ဝေးမြို့နယ်အတွင်း စိုက်ပျိုးသီးနှံများအတွက် သဘာဝမြေဆွေးပြုလုပ်နေမှု ကွင်းဆင်းကြည့်ရှု

**လယ်ဝေး ဩဂုတ် ၁၄**

နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာတွင် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးနေမှုများနှင့် သဘာဝမြေဆွေး ပြုလုပ်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တလုပ်ပင်ကျေးရွာ ကွင်းအမှတ် ၁၈၄၇၊ တောင်သူ ဦးမျိုးမင်းထွန်း၏ အောင်နိုင်တိုး ၁၀ ဧကမျိုးစပါး၊ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ နေပြည်တော် ကောင်စီဝင်သည်



ပေတုန်းမျှော်၊ တလုပ်ပင်၊ ရှမ်းစုကျေးရွာအုပ်စုများမှ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ သီးနှံများ စတင်စိုက်ပျိုးမှုကို စနစ်တကျ ဆောင်ရွက်ပါက သီးနှံများ အထွက်နှုန်းတိုးမည်ဖြစ်ကြောင်း၊ မြေပြင်ခြင်းလုပ်ငန်းစတင်ဆောင်ရွက်ပြီးလျှင် ရာသီပြည့် ဆက်လက်စိုက်ပျိုးမည့် သီးနှံများလည်း အထွက်နှုန်းကောင်းမွန်ကာ စိုက်ပျိုးသူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒေသခံတောင်သူများက သိလိုသည်များမေးမြန်းရာ နေပြည်တော် ကောင်စီဝင်က သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ပြီး ဒေသခံတောင်သူများအား အောင်နိုင်တိုးမျိုးစပါးများ၊ မျိုးစေ့ချကိရိယာများနှင့် သွင်းအားစုများ ပေးအပ်သည်။

ထို့နောက် နေပြည်တော် ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ရေအိုးစဉ်ကျေးရွာ ဘက်စုံသုံးခန်းမ၌ စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝမြေဆွေး ပြုလုပ်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

# လျှင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ဩဂုတ် ၁၄ ရက်အထိ သေဆုံးသူ ၃၇၇၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၃၁ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၅၅ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန်လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ ဩဂုတ် ၁၄**

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ကျောက်ဖြူခရိုင်၊ ကျောက်ဖြူ မြို့နယ်နှင့် မာန်အောင်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ရွေးကောက်ပွဲ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေ၊ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြစေလို ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးက ရွေးကောက်ပွဲဆိုင်ရာကိစ္စများ ဆောင်ရွက်ထားရှိမှုနှင့် တက်ရောက်လာကြသူများ၊ ပြည်နယ် ဝန်ကြီးများက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင် ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ တာဝန်ရှိသူ များက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ယခင်ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံများ၊ လုံခြုံရေးဆိုင်ရာနှင့် လာမည့် ရွေးကောက်ပွဲတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ် ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြန်လည် ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြား သည်။ **တင်ထွန်း (ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၄**

တနင်္သာရီတိုင်းဒေသကြီးအတွင်း မှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၆)သို့ တက်ရောက် မည့် နိုင်ငံ့သားကောင်းရတနာများ အား ယနေ့ မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာန ချုပ်တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော် ဟန်နှင့် တာဝန်ရှိသူများက မြိတ် မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ တွေ့ဆုံ သည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၆)သို့ တက်ရောက် မည့် နိုင်ငံ့သားကောင်းရတနာများ အား တိုင်းမှူးနှင့် တာဝန်ရှိသူများ က အသုံးအဆောင်ပစ္စည်းများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**





# မွန်ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်အသင်း အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားကျင်းပ

**မော်လမြိုင် ဩဂုတ် ၁၄**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက မုဒုံမြို့ သိန်းသန်းမြန်မာမှု (ပန်းပု လုပ်ငန်း)၌ ဗုဒ္ဓရုပ်ပွားတော်မြတ်များ၊ ဇာတ်နိပါတ် ရုပ်လုံးရုပ်ကြွများ၊ အသုံးအဆောင်ပန်းပုလက်မှု ပစ္စည်းများ ထုဆစ်နေမှုနှင့် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မတီမှ ခွင့်ပြုထားသောရာနှုန်းပြည့် မြန်မာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သည့် MOS LUMBER PRODUCTS COMPANY LIMITED နှင့် မိုးမြချယ်ရော်ဘာသစ်စက်ရုံတွင် ရော်ဘာသစ်ခွဲသား များ ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ၂၀၂၅ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲဝင် ရောက်ယှဉ်ပြိုင်မည့် မွန်ပြည်နယ် အသက်(၂၅) နှစ်အောက် အမျိုးသားဖူဆယ်အသင်းအား အောင်နိုင် ရေးအလံပေးအပ်ပွဲအခမ်းအနားကို ပြည်နယ်အစိုးရ အဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ်က ပြည်နယ်ဂုဏ်မြှင့်တင်နိုင်ရေးသန္နိဋ္ဌာန် ဖြင့် အားသွန်ခွန်စိုက် ကြိုးစားယှဉ်ပြိုင်ကြရန် တိုက်တွန်းလိုကြောင်း အမှာစကားပြောကြားပြီး အောင်နိုင်ရေးအလံနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး နှင့် အလှူရှင်များက ချီးမြှင့်ငွေများ ပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အားကစားသမား များအား ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

# ကွန်ဟိန်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် ဩဂုတ် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်ရှိ စစ်မှု ထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာန ချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းက နယ်မြေခံ တပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ နှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ နှင့် အာဟာရပြည့် စားသောက်ဖွယ်ရာများကို အသီးသီး ပေးအပ်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဘီးလင်းမြို့ အထက(ကန်သာယာ)ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ဘီးလင်း ဩဂုတ် ၁၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီး ဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ် စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်း က အထက(ကန်သာယာ)ကျောင်း မဟော်သဓာခန်းမ၌ ကျင်းပသည်။

ဦးစွာ အထက (ကန်သာယာ) ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းသူက အမှာစကား ပြောကြားခဲ့ပြီး ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံ က ကျောင်းသား ကျောင်းသူများ အသိပညာဗဟု သုတတိုးပွားလာစေရန်၊ အချင်း ချင်းအပြန်အလှန်ဆွေးနွေး တတ် စေရန်နှင့် ဗလငါးတန်နှင့် ပြည့်စုံ သည့် လူငယ်များဖြစ်လာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းများ ကို ဆောင်ရွက်ပေးရခြင်းဖြစ် ကြောင်း ဆွေးနွေးပြောကြားခဲ့ သည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ Grade(10)မှ မောင်ထူး ကျော်၊ မောင်ဝေဦးမောင်၊ မဟန်နီ လွင်၊ မခင်ခင်ခက်၊ မမြခွာညိုလှိုင် တို့က "လူငယ်နှင့်မူးယစ် ဆေးဝါး"၊ "လူငယ်နှင့်ကျန်းမာ ရေး"၊ "သည်းခံခြင်းရဲ့ အကျိုး ကျေးဇူး"၊ "လူငယ်နှင့် ငြင်းခုန် ခြင်း" စသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရ သည်။ **မြို့နယ်(ပြန်/ဆက်)**

# အမျိုးသားယဉ်ကျေးမှု ယွန်းအနုပညာနှင့် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်

**လက်ျာ**

မြန်မာလူမျိုးတို့သည် ဒေ့ဝတ်ကျေပွန်ကာ သူတထူးအား ယဉ်ကျေးစွာဆက်ဆံတတ်သည့် လူမျိုးများဖြစ်သည်။ မိမိတို့အိမ်သို့ ဧည့်လာလျှင် ကွမ်း၊ ဆေး၊ လက်ဖက်၊ အချိုအချဉ် အစုံအလင်နှင့် ဧည့်ခံလေ့ရှိသလိုပင် မိမိက အခြားတစ်ပါးသို့ ခရီးသွားလျှင်လည်း ကောင်းနိုးရာရာ လက်ဆောင်ပစ္စည်းများအား ယူဆောင်သွားလေ့ရှိသည်။ ရှေးမြန်မာဘုရင်များ လက်ထက်ကတည်းကပင် မိတ်ဖက်နိုင်ငံများနှင့် အပြန်အလှန်ကမ်းလှမ်းသည့် လက်ဆောင်များတွင် တန်ဖိုးကြီးမားမှုရှိသလို နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ရည်ကို ပြသနိုင်သည့် လက်ဆောင်များပေးလေ့ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး ကျောက်ကာမြို့နယ်၌ ကျောက်ကာယွန်းထည်များ ပြုလုပ်နေစဉ်။

**❑ မြန်မာ့ယွန်းထည်များတွင် ရိုးရှင်းသော သစ်စေးသုတ်အထည်များ၊ ဆေးရောင်များဖြင့် အဆင်တန်ဆာခြယ်သသော အထည်များ၊ ရွှေ၊ ငွေ၊ ဖန်မှန်ကျောက်မျက်များဖြင့် အလှဆင်သော အထည်များ၊ ရွှေပိန်းချ ရွှေဇဝါရေး အထည်များ၊ ရုပ်လုံးရုပ်ကြွအထည်များ စသည်ဖြင့် အမျိုးအစားများ စုံလင်စွာ တွေ့ရှိရ၊ အောက်ခံထည်အဖြစ် အရှေ့တောင်အာရှ ပုံစံကြိမ်နှင့် ဝါးနှီးများအပြင် အရှေ့အာရှပုံစံဖြစ်သော သစ်သားသုံးသည့်ပုံစံလည်းရှိသဖြင့် မြန်မာ့ယွန်းပညာသည် နည်းစနစ်များစွာ ပါဝင်နေသည့် ထူးခြားသော ကိုယ်ပိုင်ဟန်ကို ပိုင်ဆိုင်ပါသည်**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ဘီလာရုဇ်နိုင်ငံတွင် ကျင်းပခဲ့သော ဥရောပ-အာရှစီးပွားရေးဖိုရမ်သို့ သွားရောက်သည့် ခရီးစဉ်တွင် ထိုကဲ့သို့ သဘောဆောင်သည့် လက်ဆောင်များကို အပြန်အလှန် လဲလှယ်ပေးအပ်ခဲ့သည်ကို တွေ့ရှိရသည်။ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ရည်ကို ပြသနိုင်ပြီး မြန်မာလူမျိုးတို့၏ ဒေ့ဝတ်ကျေပွန်ခြင်း ယဉ်ကျေးမှုအစဉ်အလာအား စောင့်ထိန်းခဲ့သည်ကို တွေ့ရပါသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ပေးခဲ့သော လက်ဆောင်များတွင် ထူးခြားသည့် လက်ဆောင်များမှာ မြန်မာ့ယွန်းထည်များပင် ဖြစ်သည်။ ကမ္ဘာပေါ်တွင် ယွန်းထည်ပြုလုပ်သည့် နိုင်ငံများစွာ ရှိနေသော်လည်း မြန်မာ့ယွန်းထည်များသည် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ဟန် အပြည့်အဝအသုံးပြုထားသော ထူးခြားသည့် ယွန်းထည်များဖြစ်သည်။ ယွန်းလုပ်ငန်းနှင့်ပတ်သက်ပါက မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အစုံလင်ဆုံးနှင့် အထွန်းကားဆုံးနိုင်ငံဟု ဆိုရမည်ဖြစ်သည်။ မြန်မာတို့၏ ယဉ်ကျေးမှုပုံစံအား သမိုင်းပညာရှင်များ သုံးသပ်ကြသည်မှာ “Adept and Adopt” ဖြစ်သည်ဟု ဆိုကြသည်။ မိမိ၏ ကိုယ်ပိုင်ယဉ်ကျေးမှု အတွင်းသို့ အခြားယဉ်ကျေးမှု ဝင်ရောက်လာပါက တိုက်ရိုက် ကူးယူခြင်းထက် မြန်မာတို့နှင့် ကိုက်ညီမည့်ပုံစံသို့ ပြောင်းလဲကာ မိမိတို့၏ ကိုယ်ပိုင်ပုံစံအသစ်ဖြင့် ရောနှောစေပြီးမှ မွေးစားသည့်သဘောရှိခြင်းကြောင့် ထိုသို့ သတ်မှတ်ခြင်း ဖြစ်သည်။ မြန်မာပညာရှင်များသည်လည်း ရှေးယခင်ကတည်းကပင် “အရိုးအား အရွက်မဖုံးရာ” ဟူသော ဆိုရိုးစကားဖြင့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအား အခြားယဉ်ကျေးမှုမှ ဖုံးလွှမ်းခြင်းမပြုစေရန် သတိပေးစကား ထားရှိခဲ့ကြပါသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် မြန်မာ့ယဉ်ကျေးမှုအနုပညာနှင့် သက်ဆိုင်သည့် အခမ်းအနားများတွင် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ရှင်သန်ထွန်းကားနေအောင် စွမ်းဆောင်ပေးကြရန်၊ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု (National Culture)၊ အမျိုးသားရေးစိတ်ဓာတ် (National Spirit) နှင့် တန်ဖိုးထားမှုစနစ် (Value System)များသည် ဒေသတစ်ခု၏ အချုပ်အနှောင်မဲ့တိုးတက်မှု (Independent Development) အတွက် လွန်စွာအရေးပါသည့် အခြေခံအကြောင်းတရားများပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပမှ ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာနေမှုများကို အမျိုးသားရေးအမြင်ဖြင့်ရှုမြင်ကြရမည်ဖြစ်ပြီး အန္တရာယ်ရှိသည်ကို သတိထားကြရမည်ဖြစ်ကြောင်း၊ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း အမျိုးသားရေး ကိုယ်ခံစွမ်းအားများ မြင့်မားလာအောင်နှင့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအား တိုင်းတစ်ပါးယဉ်ကျေးမှုများမှ ဖုံးလွှမ်းမခံရအောင် တစ်နည်းဆိုရသော် အရိုးပေါ်အရွက်မဖုံးရန် ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားထားသည်မှာလည်း အစဉ်သတိပြု လိုက်နာဖွယ်ဖြစ်သည်။

**မြန်မာ့ယွန်းထည်သမိုင်း**

မြန်မာ့ယွန်းထည် သမိုင်းအား ဆန်းစစ်သုံးသပ်ရာတွင် မြန်မာ့ယွန်းထည်ပညာဖြစ်သော ပန်းယွန်းသည် အခြားနိုင်ငံများနှင့် ခေတ်ပြိုင်ပေါ်ထွန်းလာခဲ့ပြီး ရိုးရှင်းလှသောပုံစံမှ အဆင်တန်ဆာများ ခြယ်မှုန်းသည့်ပုံစံသည်ဖြင့် တည်ရှိခဲ့ပြီး အရှေ့တောင်အာရှကုန်သွယ်ရေး လမ်းကြောင်းပေါ်တွင် တည်ရှိနေသဖြင့် အခြားနိုင်ငံများဆီမှ ယွန်းထည်ပုံစံများအား နမူနာယူကာ မြန်မာ့ဟန်ပြောင်းလဲ၍ အမျိုးအမည်များပြားစုံလင်လှသော ယွန်းထည်များ ထုတ်လုပ်နိုင်ခဲ့သည်ဟု ယူဆကြပါသည်။ ထိုယူဆချက်အား “Lacquerware Journeys: The Untold Story of Burmese Lacquer” ISBN (International Standard Book Numbers) 9786167339238 စာအုပ်တွင် မြန်မာ့ယွန်းထည်သည် နှစ် ၇,၀၀၀ ကျော်ကြာမြင့်ပြီဖြစ်သည့် တရုတ်ယွန်းပညာဆီမှာ မြစ်ဖျားခံခြင်း မဟုတ်ဘဲ ထူးခြားသော ကိုယ်ပိုင်ဟန်များဖြင့် တိုးတက်လာပြီး အေဒီ ၁၀ ရာစုတွင် ပြည့်စုံသော မြန်မာ့ယွန်းထည်ပုံစံ ဖြစ်ပေါ်လာခဲ့သည်ဟု သုတေသနပြုလုပ်ချက်များအရ သိရှိရပါသည်။ မြန်မာ့ယွန်းထည်များတွင် ရိုးရှင်းသော သစ်စေးသုတ်အထည်များ၊ ဆေးရောင်များဖြင့် အဆင်တန်ဆာ ခြယ်သသော အထည်များ၊ ရွှေ၊ ငွေ၊ ဖန်မှန် ကျောက်မျက်များဖြင့် အလှဆင်သော အထည်များ၊ ရွှေပိန်းချ ရွှေဇဝါရေး အထည်များ၊ ရုပ်လုံးရုပ်ကြွ အထည်များ စသည်ဖြင့် အမျိုးအစားများ စုံလင်စွာ တွေ့ရှိရပါသည်။ အောက်ခံထည်အဖြစ် အရှေ့တောင်အာရှ ပုံစံကြိမ်နှင့် ဝါးနှီးများအပြင် အရှေ့အာရှပုံစံဖြစ်သော သစ်သားသုံးသည့် ပုံစံလည်းရှိသဖြင့် မြန်မာ့ယွန်းပညာသည် နည်းစနစ်များစွာ ပါဝင်နေသည့် ထူးခြားသော ကိုယ်ပိုင်ဟန်ကို ပိုင်ဆိုင်ပါသည်။

**မြန်မာ့ယွန်းထည်အမျိုးအစားများ**

မြန်မာနိုင်ငံတွင် ယွန်းလုပ်ငန်းအား ပုဂံဒေသတွင် ယွန်းထည်လုပ်ငန်းအား နည်းစနစ်အစုံလင်ဆုံး တွေ့ရှိရပါသည်။ မြန်မာ့ယွန်းထည်များအား ဖော်ပြပါအတိုင်း ပြုလုပ်နည်းပေါ် မူတည်၍ အမည်ပေးကြပါသည်-

**ကျောက်ကာထည်။** ရိုးစင်းကာ အဆင်တန်ဆာမပါသော ပုံစံဖြစ်ပြီး မြန်မာ့ယွန်းထည်၏ မူလပုံစံဟု ယူဆရပါသည်။ အောက်ခံအဖြစ် သစ်သားနှင့် နှီးအား အသုံးပြုကာ အပေါ်မှနေ၍ သစ်စေးထူထဲစွာ အထပ်ထပ်လိမ်းကြံသည့် နည်းစနစ်ဖြင့် ပြုလုပ်ပါသည်။ ကျောက်ကာထည်များအား စစ်ကိုင်းတိုင်းဒေသကြီး ကျောက်ကာမြို့နယ်၌ ပြုလုပ်ပါသည်။ ယနေ့အချိန်တွင် ကျောက်ကာထည်တွင် ယွန်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခြင်း မရှိသလောက် နည်းပါးနေပြီဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*



ပုဂံမြို့၌ ဆေးသွင်းယွန်းထည်ဟု ခေါ်ဆိုသော ယွန်းထည်များ ပြုလုပ်နေမှုကို တွေ့ရစဉ်။



ရွှေယွန်းထည်များကို တွေ့ရစဉ်။










*စာမျက်နှာ ၁၀ မှ*

**ယွန်းထည်ရိုးရိုး။** ဆေးသွင်းယွန်းထည်ဟုလည်း ခေါ်ဆိုသော ယွန်းထည်အား ပုဂံမြို့၌ အဓိက ထုတ်လုပ်ပါသည်။ သစ်စေးသုတ်လိမ်း၍ အခြောက်ခံထားသော ယွန်းထည်ပေါ်တွင် ကညစ်အသုံးပြုကာ လှပသောပုံစံများ ရေးဆွဲပြီး ဆေးရောင်များ ထည့်သွင်းကာ ပြုလုပ်ခြင်းဖြစ်သည်။ ထိုသို့ ပြုလုပ်ရာ



တွင် ယွန်းထည်များအား လုပ်ဆောင်မှု တစ်ခုပြီးစီးတိုင်း မြေတိုက်ဟူသည့် အေးမြခြောက်သွေ့သော နေရာတွင် ပြန်လည်သိုလှောင် အခြောက်ခံပြီးမှ လုပ်ဆောင်ခြင်းဖြစ်ရာ အနုစိတ်၍ ဂရုတစိုက် လုပ်ဆောင်ရသောနည်းပင်ဖြစ်ပါသည်။ လုပ်ဆောင်ရသည့် အဆင့်များမှာ အောက်ခံထည်အပြီး သစ်စေးအကြမ်းသုတ်လိမ်းခြင်း၊ အပေါ်ယံသစ်စေးလွှာ သုတ်လိမ်းခြင်း၊ ပုံဖော်ခြင်း၊ ဆေးရောင်သွင်းခြင်း၊ အချောသတ်ခြင်းတို့ပင် ဖြစ်ပါသည်။ ဤနည်းစနစ်တွင် မြန်မာ့ယွန်းထည်များသည် အခြားနိုင်ငံများမှ ယွန်းထည်နည်းစနစ်များနှင့် မတူညီသည့် ပုံစံအား တွေ့ရှိရသည်။ အောက်ခံထည် ပြုလုပ်ရာတွင် ဝါးနီးအပြင် မြင်းလည်ဆံမွေးအား ထည့်သွင်းကာ ပြုလုပ်ထားသဖြင့် ဖိလျှင်မပိ၊ ချိုးလျှင်မကျိုး၊ သွင်းသည့် ယွန်းသားကျေပျက်ခြင်းမရှိဟူသည့် မြန်မာ့နည်းဟန်အား တွေ့ရှိနိုင်ပါသည်။

**ရွှေယွန်းထည်။** ဆေးရောင်နေရာတွင် ရွှေမျက်ပါးများအား ခဲငယ်ဖြင့် ကျွမ်းကျင်စွာ ပုံဖော်ကာ သစ်စေးပေါ်တွင် ကပ်၍ပြုလုပ်ထားသော ယွန်းထည်များဖြစ်သည်။ ရွှေယွန်းထည်များအား ပုဂံတွင် အဓိကလုပ်ဆောင်ကာ နိုင်ငံတကာဈေးကွက်သို့ပင် တင်ပို့ရောင်းချလျက်ရှိသော ယွန်းထည်အမျိုးအစားများ ဖြစ်ပါသည်။

**သရိုးထည်။** ရုပ်လုံးရုပ်ကြွပြုလုပ်ထားသော ယွန်းထည်များဖြစ်ကာ သစ်စေးအား အရိုးပြာမှုန့်၊ စပါးခွံနှင့် သစ်လွှစာမှုန့် တစ်ခါတစ်ရံတွင် နွားချေးဖြင့် သမအောင် ရောစပ်ကာ ရရှိလာသော သရိုးအား ရုပ်လုံးရုပ်ကြွအဖြစ် ပြုလုပ်၍ ထိုရုပ်လုံးရုပ်ကြွများအား ဆေး၊ ရွှေမျက်ပါး စသည်တို့ဖြင့် တန်ဆာဆင်၍ ပြုလုပ်သော နည်းစနစ် ဖြစ်ပါသည်။



**မှန်စီရွှေချယွန်းထည်။** ဆေးသွင်း၊ ရွှေသွင်း ယွန်းထည်များနှင့် လုပ်ဆောင်ပုံမတူညီဘဲ ထူထပ်စွာ သုတ်လိမ်းထားသော သစ်စေးအတွင်းတွင် ဖန်(မှန်)၊ ကြွေ၊ ကျောက်သလင်း၊ ခရုခွံ၊ ပုလဲ၊ ဘော်ကြယ်၊ ရွှေဆိုင်းတို့ဖြင့် မြှုပ်နှံထည့်သွင်းကာ လှပစွာ စီရင်ထားသော ယွန်းထည်ဖြစ်သည်။ မြန်မာဘုရင်များ လက်ထက်တွင် ရာထူးဌာန အဆောင်အယောင်ကိုပြသသည့် မင်းခမ်းမင်းနားပစ္စည်းများအဖြစ် အသုံးပြုခဲ့ကြပါသည်။ ထုတ်လုပ်မှု ကုန်ကျစရိတ်ကြီးမားကာ ပြုလုပ်ရန်အချိန်များစွာ လိုအပ်သဖြင့် မြန်မာ့ယွန်းထည်များထဲတွင် တန်ဖိုးအကြီးမားဆုံး ယွန်းထည်လည်း ဖြစ်ပါသည်။

**နိုင်ငံတော်လုံခြုံရေးနှင့်**
**အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ**
**လက်ဆောင်ပေးခဲ့သော**
**မြန်မာ့ယွန်းထည်များ**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ခရီးစဉ်အတွင်းတွင် အခြားနိုင်ငံမှ ခေါင်းဆောင်များအား မြန်မာမှုလက်မှုလက်ရာထဲတွင် အကောင်းဆုံးဟု ဖော်ပြနိုင်မည့်ယွန်းထည်များအား လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်ကို တွေ့မြင်ရပါသည်။ အိမ်ရှင်ဖြစ်သည့် ဘီလာရုစ် သမ္မတကြီးအား ပေးအပ်သည့် ဝေဿန္တရာဇာတ်တော်ရုပ်စုံယွန်းဆွမ်းအုပ်သည် မြန်မာလူမျိုးတို့၏ အနုပညာလက်ရာတင်မက ဗုဒ္ဓဘာသာ

❖ **နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ခရီးစဉ်အတွင်းတွင် အခြားနိုင်ငံမှ ခေါင်းဆောင်များအား မြန်မာမှုလက်မှုလက်ရာထဲတွင် အကောင်းဆုံးဟု ဖော်ပြနိုင်မည့်ယွန်းထည်များအား လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်ကို တွေ့မြင်ရပါသည်။**

❖ **အဆိုပါ ယွန်းထည်လက်ဆောင်များသည် ငွေကြေးတန်ဖိုးထက်ပင် ယဉ်ကျေးမှုအစဉ်အလာနှင့် အနုပညာတန်ဖိုး ပိုမိုကြီးမားသည့် လက်ဆောင်များဖြစ်သဖြင့် နိုင်ငံတကာခေါင်းဆောင်များ နှစ်ခြိုက်စွာလက်ခံခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုလက်ရာများပင်ဖြစ်ပါသည်။**







အပေါ် ယုံကြည်ကိုင်းရှိုင်းမှုအား ဖော်ပြသည့် လက်ဆောင်ပစ္စည်းဖြစ်ပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးအား ပေးအပ်ခဲ့သည့် ကုန်းဘောင်ခေတ် လူနေမှုဘဝရုပ်စုံ ဆွမ်းအုပ်ဆိုပါက မြန်မာတို့သည် ယဉ်ကျေးသော လူမျိုးဖြစ်ရုံမက ကြီးကျယ်ခမ်းနားသည့် သမိုင်းကို ပိုင်ဆိုင်သည်ဟူသော အဓိပ္ပာယ်အား ဖော်ဆောင်နိုင်သည့် လက်ဆောင်ပစ္စည်း ဖြစ်ပါသည်။

ကာဇက်စတန်နိုင်ငံ သမ္မတအား ပေးအပ်ခဲ့သည့် ဆင်ရုပ်စုံဆွမ်းအုပ်ဆိုပါက မြန်မာ့ယွန်းပညာ၏ အနုစိတ်ကျနသော လက်ရာအား ဖော်ပြနိုင်သည့် လက်ဆောင်ပင် ဖြစ်ပါသည်။

ကျူးဘားနိုင်ငံသမ္မတအား ပေးအပ်ခဲ့သော ဆယ့်နှစ်လရာသီရုပ်စုံ ဆွမ်းအုပ်သည် မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ဆယ်နှစ်ရာသီပွဲတော်များအကြောင်း ဖော်ပြထားသည့် လက်ဆောင်ကောင်း ဖြစ်ပါသည်။

ဘူရားတီးနား ပြည်နယ်အကြီးအကဲထံ ပေးအပ်ခဲ့သော ဂြိုဟ်ကြီးရှစ်ခွင် ယွန်းဆွမ်းအုပ်သည် မြန်မာလူမျိုးတို့၏ ယုံကြည်မှုနှင့် အစဉ်အလာများထဲမှ တစ်ခုဖြစ်သော ဇာတာတွက်ချက်သည့် နည်းလမ်းအား ယနေ့အထိ ထိန်းသိမ်းထားနိုင်ခြင်းဖြစ်သည်ကို ပြသနိုင်သည့် လက်ဆောင်ဖြစ်ပါသည်။

အဆိုပါ ယွန်းထည်လက်ဆောင်များသည် ငွေကြေးတန်ဖိုးထက်ပင် ယဉ်ကျေးမှုအစဉ်အလာနှင့် အနုပညာတန်ဖိုး ပိုမိုကြီးမားသည့် လက်ဆောင်များဖြစ်သဖြင့် နိုင်ငံတကာခေါင်းဆောင်များ နှစ်ခြိုက်စွာ လက်ခံခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု လက်ရာများပင် ဖြစ်ပါသည်။

ခရီးစဉ်အတွင်း နိုင်ငံတကာခေါင်းဆောင်များကိုသာမက အာရှ-ဥရောပ စီးပွားရေးဖိုရမ်သို့ တက်ရောက်လာသော တာဝန်ရှိသူများ၊ မိတ်ဆွေများအတွက်လည်း မြန်မာ့ရိုးရာ ယွန်းပညာနှင့် လှပစွာတန်ဆာဆင်ထားသော ကလပ်များ၊ လက်ဖက်အုပ်များ၊ ယွန်းပန်းချီများအား ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ပေးခဲ့သော လက်ဆောင်များတွင် ရှေးရိုးအစဉ်အလာ ယွန်းထည်များအပြင် ခေတ်နှင့် လျော်ညီစွာ ဆန်းသစ်တီထွင်ထားသည့် ယွန်းထည် သေတ္တာများနှင့် လက်ဖက်အုပ်များ ပါဝင်သည်ကို တွေ့ရှိရပါသည်။ မြန်မာ့ယွန်းထည်များသည် ၂၀၁၀ ပြည့်နှစ်ကတည်းကပင် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကာ အခြားနိုင်ငံများမှ ယွန်းထည်များနှင့်မတူ ခြားနားစွာ လှပသည့် အနုပညာပစ္စည်းများ ဖြစ်သည်။ ဥရောပဈေးကွက်တွင် တန်းဝင်သည့် တန်ဖိုးကြီးလက်မှုပစ္စည်းများအဖြစ် နာမည်ကျော်ကြားပါသည်။

မြန်မာ့ယွန်းထည်များတွင် များသောအားဖြင့် နီညိုရောင်၊ ရွှေရောင်၊ အစိမ်း၊ အဝါကဲ့သို့သော အရောင်များအား အဓိကအသုံးပြုကာ လုပ်ဆောင်ပြီး ကနုတ်ပန်းခက်များ၊ ပန်းချီပုံများဖြင့် တန်ဆာဆင်ကြလေ့ရှိပါသည်။ ယနေ့ခေတ်တွင် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာသဖြင့် ဝယ်သူများအနေဖြင့်လည်း မိမိတို့၏ စိတ်ကြိုက်ပုံစံအား ရွေးချယ်ဝယ်ယူနိုင်လေရာ ထုတ်လုပ်သူများအနေဖြင့် ဝယ်ယူသူ၏အကြိုက်ပေါ်မူတည်ကာ ထုတ်လုပ်မှုပုံစံများ ပြောင်းလဲထုတ်လုပ်ရန် လိုအပ်ပါသည်။ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လက်ဆောင်အဖြစ်ပေးခဲ့သော ယွန်းထည်များတွင် ဥရောပသားများ နှစ်သက်သည့် ဒီဇိုင်းပုံစံများအပြင် ရိုးရှင်းလှပသော ရှေးရိုးအစဉ်အလာ ယဉ်ကျေးမှုလက်ရာများကို တွေ့ရှိခဲ့ရသည်ဖြစ်ရာ မြန်မာ့ယွန်းထည်လုပ်ငန်းနှင့် ရှေးရိုးအစဉ်အလာ အနုပညာလက်ရာများ၏ အဆင့်အတန်း မြင့်မားပုံကို နိုင်ငံတကာသို့ ပြသနိုင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*

# ချင်းပြည်နယ် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် အဆိုပြုလုပ်ငန်း လျာထားနိုင်ရေးညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဟားခါး ဩဂုတ် ၁၄**

၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ်အတွက် အဆိုပြုလုပ်ငန်း လျာထားနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်တွင်ပါဝင်သော စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ အမှတ်(၃) ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းရုံး၊ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်မည့် အဆိုပြုစီမံကိန်းလျာထားချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပြည်နယ်ဥပဒေချုပ်တို့က ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးငယ်များအား အာဟာရထောက်ပံ့ကျွေးမွေး

**မြစ်ကြီးနား ဩဂုတ် ၁၄**

ကချင်ပြည်နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဝင်များက မိုးကောင်းမြို့နယ် နမ္မတီးမြို့၌ တိုက်နယ်ဆေးရုံရှိ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရထောက်ပံ့ခြင်းနှင့် မေတ္တာရှင်နေ့ကလေးထိန်းကျောင်းရှိ ကလေးငယ်များအား အာဟာရများကျွေးမွေးခြင်းကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်သည်။



ဦးစွာ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်နန်ဆိုင်းနှင့် အဖွဲ့ဝင်များက ခရိုင်/ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်အတူ နမ္မတီးမြို့ တိုက်နယ်ဆေးရုံအတွင်း ဆေးဝါးကုသမှု ခံယူနေကြသော ကိုယ်ဝန်ဆောင် မိခင်များအား အားပေးစကား ပြောကြားပြီး အာဟာရပြည့်စားသောက်ဖွယ်ရာများနှင့် တိုက်နယ်ဆေးရုံ ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နမ္မတီးမြို့ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်လျက်ရှိသည့် နေ့ကလေးထိန်းကျောင်းသို့ သွားရောက်ပြီး ကလေးငယ်များအား အာဟာရကျွေးခြင်းနှင့် အရုပ်များပေးပြီး ကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

**ပြည်နယ်(ပြန်/ဆက်)**

# မုဒုံမြို့၌ မြို့နယ်အဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ


**မုဒုံ ဩဂုတ် ၁၄**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ မြို့နယ်အဆင့် ၂၀၂၅ –၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အထက (၁)ကျောင်းရှိ ရှင်အရဟံခန်းမ၌ ပြုလုပ်သည်။


ဦးစွာ အခမ်းအနားကို ကျောင်းသား ကျောင်းသူများက တေးသီချင်းသီဆို၍ ဖွင့်လှစ်ခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာန သွားဆရာဝန် ဒေါက်တာ လမင်းထက်က ကျောင်းအခြေပြုကျန်းမာမှုအသိပညာမြှင့်တင်ရေးလုပ်ငန်းများ၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း(အမှိုက်ကင်းစင်ကျောင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲရေး)၊ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေး၊ အစားအစာများ အန္တရာယ်ကင်းဝေးရေးနှင့် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သွားနှင့်ခံတွင်း ကျန်းမာရေးအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

**ရာမည(ပြန်/ဆက်)**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၄-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၅-၈-၂၀၂၅ ရက်နေ့မှ ၁၆-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၄-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၇-၈-၂၀၂၅ ရက်နေ့အတွက် မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




# ဩဂုတ် ၁၇ ရက်နေ့အတွင်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဩဂုတ် ၁၄**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၊ (အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်တောင်ပိုင်း-အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေ)၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဩဂုတ် ၁၇ ရက်နေ့အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# တပ်ကုန်းမြို့နယ်အတွင်း မွေးမြူရေး၊ မျိုးသန့်ထုတ်လုပ်မှုနှင့် မိုးစပါးစိုက်ခင်းများ ကွင်းဆင်းကြည့်ရှု

**တပ်ကုန်း ဩဂုတ် ၁၄**

နေပြည်တော်ကောင်စီဝင်ဦးဇေယျာလင်းသည် တပ်ကုန်းမြို့နယ် တဲမြင့်ကျေးရွာအုပ်စု ပေတောကျေးရွာအနီး အသားတိုးကြက်မွေးမြူရေးခြံသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူ၊ ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ရောက်ရှိခဲ့ရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဌေးထိုက်က အသားတိုးကြက်မွေးမြူရေးနှင့်ပတ်သက်သည့် အချက်အလက်များ ရှင်းလင်းတင်ပြခဲ့ပြီး နေပြည်တော်ကောင်စီဝင်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည်ဘုရင့်နောင်ရပ်ကွက်"ရတနာ" မျိုးစေ့သန့်ထုတ်လုပ်ရောင်းချသည့် နေရာသို့ရောက်ရှိ၍ စပါး၊ နေကြာ၊ ပဲတီစိမ်း၊ မတ်ပဲများ မျိုးစေ့သန့်စင်စက်ဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ပြီးနောက် အခြောက်ခံစက်ဝယ်ယူရေးနှင့် အရင်းအနှီးများ ထည့်သွင်းနိုင်ရေးအတွက် သတ်မှတ် စည်းကမ်းနှင့်အညီ ချေးငွေများ ထုတ်ချေးနိုင်ရေးနှင့် ဒေသကိုအကျိုးပြုဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ဗိုလ်မင်းရောင်ရပ်ကွက် ကွင်းအမှတ်(၁၄၀၄) ရောမင်းစပါးစိုက်ခင်းကိုကြည့်ရှုကာ တောင်သူများနှင့်တွေ့ဆုံ၍ ထွက်ရှိသည့် သီးနှံကုန်ကြမ်းများ ကုန်ချောပြုလုပ်ရောင်းချနိုင်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းလမ်းများနှင့်အညီ စနစ်တကျစိုက်ပျိုးနိုင်ရေး၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး၊ မျိုးစေ့ချကိရိယာများဖြင့် စိုက်ပျိုးရေး၊ သတ်မှတ် ပန်းတိုင်အထွက်နှုန်းပြည့်မီစိုက်ပျိုးရေး၊ သဘာဝမြေသြဇာကို ကိုယ်တိုင်ပြုလုပ်သုံးစွဲရေး၊ မိုးရေ၊ ဆည်ရေများ အကျိုးရှိစွာသုံးစွဲစိုက်ပျိုးနိုင်ရေး ဆွေးနွေးပြောကြားခဲ့ပြီးနောက် တောင်သူများတင်ပြသည့် ကွင်းအမှတ်(၁၄၀၄)ကွင်း၊ ဆင်သေဆည်မှ ရေယူမြောင်းအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# ဘိုကလေးမြို့နယ်၌ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဘိုကလေး ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်သစ်တောဦးစီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဒီရေတောသစ်ပင် ၁၀၀၀ စိုက်ပျိုးပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက်က ကဒုံကနိကြိုးဝိုင်း အကွက်အမှတ်(၆၂)တွင် ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရန်နိုင်ဖြိုးနှင့် သစ်တောဝန်ထမ်းများ၊ ချောင်းဖြဲကြီးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများစုပေါင်း၍ ဒီရေတောပျိုးပင်ဖြစ်သည့် သမဲ့ကြီးပင် ၁၀၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**




# သရက်ချောင်းမြို့နယ်၌ ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**သရက်ချောင်း ဩဂုတ် ၁၄**

သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားကျောင်းသူများအား ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာဗဟုသုတများတိုးပွားလာစေရန်ရည်ရွယ်၍ ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်က သရက်ချောင်းမြို့နယ်လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် သရက်ချောင်းမြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ရွက်ဝါအောင်က တုပ်ကွေးရောဂါအကြောင်း၊ ရောဂါလက္ခဏာများနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ တုပ်ကွေးရောဂါမဖြစ်ပွားစေရန် ဆောင်ရန်၊ ရှောင်ရန်နှင့် တုပ်ကွေးရောဂါဖြစ်ပွားလာပါက လိုက်နာကျင့်သုံးရမည့် ဆောင်ရန်၊ ရှောင်ရန်များ မြန်မာ့တိုင်းရင်းဆေးပညာများအကြောင်းကို အကျယ်တဝင့်ဟောပြောပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

# FIFA - MFF ဖူဆယ် ယူ - ၁၉ လိဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၄**

FIFA–MFF ဖူဆယ် ယူ–၁၉ လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)ကို ဩဂုတ် ၁၃ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပွဲစဉ် (၁၈) တွင် ဇယားထိပ်ဆုံးမှ Winner Soccer အသင်း၊ ဒုတိယနေရာမှ YRG အသင်းတို့ နိုင်ပွဲဆက်ခဲ့ပြီး ချန်ပီယံဆုအတွက် အပြိုင်ဖြစ်လာသည်။ ပွဲစဉ် (၁၈) တွင် YRG အသင်းက YCDC MHDT အသင်းကို လေးဂိုး–နှစ်ဂိုး၊ Royal Noka အသင်းက FFU မင်းမဟော်အသင်းကို လေးဂိုးပြတ်၊ Generations အသင်းက ဖူဆယ်ချစ်သူအသင်းကို ငါးဂိုး–နှစ်ဂိုး၊ Winner Soccer အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး VUC ULAD အသင်းနှင့် Pacific Sun Far အသင်းတို့ နှစ်ဂိုးစီသရေ၊ MIU အသင်းနှင့် JV အသင်း တစ်ဂိုးစီသရေကျခဲ့သည်။

ပွဲစဉ် (၁၈) အပြီးတွင် Winner Soccer အသင်းက ၄၂ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး YRG အသင်းက ၃၉ မှတ်၊ YCDC MHDT အသင်းက ၃၅ မှတ်၊ JV အသင်းက ၂၆ မှတ်၊ VUC ULAD အသင်းတို့က ၂၄ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ၂၃ မှတ်၊ MIUအသင်းက ၂၂ မှတ်၊ Royal Nokaအသင်းက ၂၁ မှတ်၊ Pacific Sun Far အသင်းက ၁၈မှတ်၊ Generations အသင်းက ၁၇ မှတ်၊FFU မင်းမဟော်အသင်းက ၁၀ မှတ် ရထားပြီး ရွှေပြည်သာယူနိုက်တက်အသင်းက အမှတ်လျှော့ခံထားရသဖြင့် (–၆)မှတ်ဖြင့် ယှဉ်ပြိုင်နေရသည်။

**မောင်ညီ၊ ဓာတ်ပုံ–MFF**

# အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားတိုးဆေး ထောက်ပံ့ခြင်းနှင့် ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေ အားဆေးတိုက်ကျွေး

**ကျောက်ပန်းတောင်း ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မိခင်နှင့်ကလေး ကျန်းမာရေးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုအဖြစ် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားတိုးဆေး ထောက်ပံ့ခြင်းနှင့် ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေ ဆေးတိုက်ကျွေးခြင်းများကို ယနေ့ နံနက်က ဈေးကွက်သစ်ရပ်ကွက်ရှိ မိခင်နှင့်ကလေး ကျန်းမာရေးဌာနရုံး၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန ဦးစီးအရာရှိ ဒေါ်နီလာစိုး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအသင်းတို့မှ တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်များနှင့် ငါးနှစ်အောက် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆိုင်ရာများနှင့် အာဟာရပြည့်ဝသည့် အစားအစာအုပ်စုများအကြောင်းကို ရှင်းလင်းဟောပြောသည်။ ယင်းနောက်



ကိုယ်ဝန်ဆောင် မိခင်များအား သံဓာတ်အားတိုးဆေးများ အခမဲ့ပေးဝေပြီး ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေ ဆေးတိုက်ကျွေးခြင်းနှင့် အာဟာရမှုန့်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**နေအောင်(ပြန်/ဆက်)**

○ *ကျော့ဖုံးမှ*

ရမည်းသင်းသို့ သယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ ရမည်းသင်းမှ မန္တလေးသို့ တာဝန်ခံသယ်ဆောင်ခိုင်းသူ ကြူကြူမြင့် (ဖမ်းဆီးရန်ကျန်တရားခံ) ဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✻ *ကျော့ဖုံးမှ*

ဗန်ဒီဗင်၊ ရိုမီယိုတို့၏သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ်နိုင်ပွဲရရှိရန် နီးစပ်ခဲ့သော်လည်း ပွဲကစားချိန်ပြည့်ခါနီးတွင် လီနှင့် ရာမို့စ်တို့၏ ချေပသွင်းဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရခြင်းဖြစ်သည်။

ပယ်နယ်တီအဆုံးအဖြတ်တွင် ပီအက်စ်ဂျီအသင်းက နိုင်ပွဲရရှိကာ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ယူအီးအက်ဖ်အေစူပါဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ အဆိုပါပွဲစဉ်မှာ စပါးအသင်းအတွက် ရလဒ်ပိုင်းကောင်းမွန်ခဲ့သော်လည်း ပွဲကစားချိန်ပြည့်သည်အထိ အနိုင်ရလဒ်ကို ထိန်းထားနိုင်စွမ်းမရှိသည့်အတွက် အောင်မြင်မှုနှင့် ဝေးကွာခဲ့ရခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် နှစ်ဂိုးပြတ် ရှုံးနိမ့်နေခဲ့သော်လည်း နောက်ဆုံးမိနစ်အပိုင်းအခြားအထိ နိုင်ပွဲရရေး ခြေကုန်ထုတ်ခဲ့သောကြောင့် သမိုင်းဝင်အောင်မြင်မှုကို ရရှိခဲ့ခြင်းဖြစ်သည်။

**အောင်ဇော်**

# ဂရိနိုင်ငံ၌ တောမီးကြောင့် တတိယအကြီးဆုံးမြို့ ပက်ထရစ်မြို့အကောက်ခွန်ရုံးရှိ မော်တော်ယာဉ် အစီး ၅၅၀ ခန့် မီးလောင်ပျက်စီး

**အေသင် ဩဂုတ် ၁၄**

ဂရိနိုင်ငံတောင်ပိုင်း ပက်လိုပိုနီစ်ကျွန်းဆွယ်တွင် တောမီးလောင်မှုမှာ ဒေသခံများနေထိုင်ရာ လူနေရပ်ကွက်များသို့ ကူးစက်လောင်ကျွမ်းလာသည့်အတွက် နိုင်ငံ၏ တတိယအကြီးဆုံးမြို့ဖြစ်သည့် ပက်ထရစ်တွင် ဩဂုတ် ၁၃ ရက်က အစုလိုက်အပြုံလိုက် ဘေးလွတ်ရာသို့ရွှေ့ပြောင်းကြရန် ဂရိအာဏာပိုင်များက အမိန့်ပေးထားသည်။

သတ်မှတ်ထားသည့် ခိုလှုံရာနေရာများသို့ ဒေသခံများကို ရွှေ့ပြောင်းပေးခဲ့ပြီး ကြိုတင်ကာကွယ်မှုအနေဖြင့် ကလေးဆေးရုံနှင့် ဘိုးဘွားရိပ်သာတို့ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ဒေသတွင်းမီဒီယာဖြစ်သည့် အက်ခါသိုင်မီရီနီတွင် ဖော်ပြထားသည်။

မီးသတ်အရင်းအမြစ်များ မလုံလောက်မှုကြောင့် တောမီးပျံ့နှံ့လောင်မှုမှာ အခြေအနေဆိုးရွားခဲ့ကြောင်း မြို့တော်ဝန် ကွန်စတန်တီနိုပလက်တိုက်ဒစ်က ပြောသည်။ ပက်ထရစ်မြို့အကောက်ခွန်ရုံးရှိ မော်တော်ယာဉ် အစီး ၅၅၀ ခန့် မီးလောင်ပျက်စီးခဲ့ရကြောင်း ပဏာမစစ်ဆေးချက်များအရ သိရသည်။

မီးသတ်တပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဗဆဲလစ်ဗာ့သရာကိုဂျာနစ်က တောမီးငြိမ်းသတ်ရေးအခြေအနေမှာ ခက်ခဲနေဆဲပင်ဖြစ်သည်ဟု ဩဂုတ် ၁၃ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း နောက်ထပ်တောမီး ၄၈ ခု တိုးလာပြီး တောမီး ၃၈ ခုကိုမူ ထိန်းချုပ်နိုင်ခဲ့ပြီဟု ၎င်းက ဆက်လက်ပြောကြားသည်။ လွန်ခဲ့သော နှစ်ရက်အတွင်း တောမီးများသည် ဂရိနိုင်ငံတစ်ဝန်းဟက်တာ ၁၀၀၀၀ ခန့် လောင်ကျွမ်းခဲ့သည်ဟု အာဏာပိုင်များက ခန့်မှန်းထားသည်။ **ဆင်ဟွာ**



# ဆီးရီးယားနိုင်ငံ၌ ပေါက်ကွဲမှုဖြစ်ပွားသဖြင့် လေးဦးသေဆုံး၊ ငါးဦးဒဏ်ရာရရှိ

**ဒမတ်စကတ် ဩဂုတ် ၁၄**

ဆီးရီးယားနိုင်ငံ အစ်လစ်မြို့ရှိ ကျေးလက်ဒေသ၌ ဩဂုတ် ၁၄ ရက်တွင် ပြင်းထန်သည့် ပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးထက်မနည်း သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိကြောင်း ဆီးရီးယားနိုင်ငံပိုင်မီဒီယာနှင့် စစ်ပွဲစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။



ပေါက်ကွဲမှုမှာ အစ်လစ်မြို့အနီးတွင် ဖြစ်ပွားခဲ့ကြောင်း ကျန်းမာရေး အာဏာပိုင်များ၏ ကနဦး သေဆုံးသူစာရင်းကို ကိုးကားပြီး နိုင်ငံပိုင်ဆီးရီးယားအာရပ်သတင်းအေဂျင်စီက ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် သေဆုံးသူဦးရေ တိုးလာနိုင်ကြောင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့က ဆိုသည်။

ကယ်ဆယ်ရေး အဖွဲ့များက အပျက်အစီးများကို ရှင်းလင်းရန်နှင့် သေဆုံးသူများကို ရှာဖွေရန်အတွက် ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဆူဒန်နိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားသူ ၂၃၀၀ ကျော်နှင့် သေဆုံးသူ ၄၀ ကျော်ရှိ

**ခါတွန် ဩဂုတ် ၁၄**

ဆူဒန်နိုင်ငံအနောက်ပိုင်း ဒါဖာဒေသတွင် လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း ကာလဝမ်းရောဂါဖြစ်ပွားသူ ၂၃၀၀ ကျော်နှင့် သေဆုံးသူ ၄၀ ကျော်ရှိကြောင်း နယ်စည်းမခြားဆရာဝန်များအဖွဲ့ (Medecins Sans Frontieres- MSF) က ဩဂုတ် ၁၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။



စစ်ပွဲကြောင့် ဆင်းရဲဒုက္ခဖြစ်နေသည့် ဆူဒန်ပြည်သူများသည် ယခုအခါ နှစ်ပေါင်းများစွာအတွင်း မကြုံစဖူး အဆိုးရွားဆုံး ကာလဝမ်းရောဂါဖြစ်ပွားမှုနှင့် ရင်ဆိုင်နေရသည်ဟု MSF က ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ဩဂုတ် ၁၃ ရက်တွင် ထုတ်ပြန်လိုက်သည့် ဆူဒန်ကျန်းမာရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရ ပြည်နယ်အားလုံးရှိ ဒေသပေါင်း ၁၃၂ ခုတွင် သေဆုံးသူ ၂၄၇၅ ဦး အပါအဝင် ကာလဝမ်းရောဂါဖြစ်ပွားသူ ၉၉၇၅၆ ဦးအထိ ရှိကြောင်း သိရသည်။

ကာလဝမ်းရောဂါသည် ဒေသအတွင်း ရွှေ့ပြောင်းနေထိုင်ရာနေရာများ အထူးသဖြင့် တာဝီလနှင့် ဂိုလိုတို့တွင် ကျယ်ကျယ်ပြန့်ပြန့်ပျံ့နှံ့နေပြီး အဆိုပါဒေသများတွင် ရေသန့်နှင့် သန့်ရှင်းရေးဝန်ဆောင်မှုများ ဆိုးရွားစွာပြတ်တောက်နေကြောင်း MSF က ပြောကြားခဲ့သည်။

တိုက်ပွဲ ဖြစ်ပွားမှုကြောင့် ထွက်ပြေးနေကြရသည်နှင့် အမျှ ကာလဝမ်းရောဂါသည် ဆူဒန်နိုင်ငံတွင် ပိုမိုပျံ့နှံ့ဖြစ်ပွားလာရုံသာမက အိမ်နီးချင်း ချဒ်နှင့် တောင်ဆူဒန်တို့သို့လည်း ပျံ့နှံ့ဖြစ်ပွားလာသည်။

အခြေအနေက အရေးကြီးသည်ထက် ကျော်လွန်နေသည်ဟု ဆူဒန်နိုင်ငံရှိ MSF ၏ မစ်ရှင်အဖွဲ့အကြီးအကဲ တူနာတာ့ခ်မင်းန်က ထုတ်ပြန်ချက်တွင် ကိုးကား၍ ပြောကြားထားသည်။

တာ့ခ်မင်သည် ကျန်းမာရေး စောင့်ရှောက်မှုပေးရန်၊ ရေနှင့် သန့်ရှင်းရေး ဝန်ဆောင်မှုများ မြှင့်တင်ရန်နှင့် ကာလဝမ်းရောဂါဖြစ်ပွားသော ဒေသများတွင် ကာကွယ်ဆေးထိုးနှံရေး လှုပ်ရှားမှုများကိုစတင်ရန် နိုင်ငံတကာ အရေးပေါ်တုံ့ပြန်မှုကို တောင်းဆိုခဲ့သည်။

စစ်ပွဲမှ လွတ်မြောက်လာသူများသည် ကြိုတင်ကာကွယ်နိုင်သော ရောဂါဖြင့် မသေဆုံးစေရဟု တာ့ခ်မင်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံသား ကျောင်းသား ကျောင်းသူ ၃၀ တရုတ်အစိုးရ၏ ပညာသင်ဆု ရရှိ

**ကိုလံဘို ဩဂုတ် ၁၄**

သီရိလင်္ကာနိုင်ငံရှိ တရုတ်သံရုံးသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တရုတ်အစိုးရ၏ ပညာသင်ဆုအတွက်ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၃ ရက်က ကျင်းပရာ သီရိလင်္ကာနိုင်ငံသား ကျောင်းသား ကျောင်းသူ ၃၀ မှာ ပညာသင်ဆုများ လက်ခံရရှိခဲ့သည်။

သီရိလင်္ကာနိုင်ငံ ပညာရေးနှင့် အဆင့်မြင့်ပညာရေး ဒုတိယဝန်ကြီး မက်ဒ်ဟူရာ ဆီနီဗီရာသ်နီက ပညာသင်ဆုအစီအစဉ်များမှတစ်ဆင့် သီရိလင်္ကာနိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်အစိုးရ၏ ဆက်လက်ကူညီပံ့ပိုးပေးခြင်းအတွက် အလွန်ချီးကျူးမိကြောင်း ပြောကြားသည်။ ယခုနှစ် ပညာသင်ဆုများသည် စက်မှုပညာ၊ ဆေးပညာနှင့် စိုက်ပျိုးရေးအပါအဝင် ကျယ်ပြန့်သည့် ဘာသာရပ်များ ပါဝင်ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများသည် ၎င်းတို့၏ လေ့လာမှုများကို လုံ့လဝီရိယရှိစွာဖြင့် ကြိုးစားပြီး ၎င်းတို့ပြန်လည်ရောက်ရှိလာသည့်အခါ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် ပေါင်းကူးတံတားများဖြစ်လာမည်ဟု မျှော်လင့်မိကြောင်း ၎င်းက ဆိုသည်။ **ဆင်ဟွာ**

# အီတလီနိုင်ငံတောင်ပိုင်း လမ်ပီဒူဆာ၌ စက်လှေတိမ်းမှောက်၊ ၂၆ ဦးခန့် သေဆုံး

**ရောမ ဩဂုတ် ၁၄**

အီတလီနိုင်ငံတောင်ပိုင်း လမ်ပီဒူဆာကျွန်းအနီးတွင် ရွှေ့ပြောင်းနေထိုင်သူများကို တင်ဆောင်လာသည့် စက်လှေနှစ်စင်း တိမ်းမှောက်ရာမှ ရွှေ့ပြောင်းနေထိုင်သူ ၂၆ ဦး သေဆုံးကာ ပျောက်ဆုံးနေသူ များပြားကြောင်း အီတလီမီဒီယာများနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ဩဂုတ် ၁၃ ရက်တွင် ဖော်ပြထားသည်။

လမ်ပီဒူဆာကျွန်းတောင်ဘက် ရေမိုင် ၁၄ မိုင်ခန့်တွင် စက်လှေတိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခန့်တွင် ရဲရဟတ်ယာဉ်တစ်စင်းသည် ဒုက္ခရောက်နေသည့်ပထမစက်လှေကို တွေ့ရှိခဲ့သည်။ အခင်းဖြစ်ပွားရာနေရာသို့ ကယ်ဆယ်ရေးသမားများ ရောက်ရှိချိန်တွင် စက်လှေမှာ တိမ်းမှောက်သွားပြီဖြစ်ကြောင်း အီတလီမီဒီယာများတွင် ဖော်ပြကြသည်။

ဒုတိယစက်လှေမှာလည်း နစ်မြုပ်သွားကြောင်း အသက်ရှင်ကျန်ရစ်သူများက ကယ်ဆယ်ရေးသမားများကို ပြောသည်။ စက်လှေနှစ်စင်းပေါ်တွင် စုစုပေါင်း ဦးရေ ၁၀၀ ခန့် လိုက်ပါလာပြီး ၆၀ မှာ ကမ်းခြေသို့ လုံခြုံစွာရောက်ရှိလာခဲ့သည်။ ကယ်ဆယ်ရေးသမားများက သေဆုံးသူ ၂၆ ဦးအထိ တွေ့ရှိထားပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။ ပျောက်ဆုံးနေသူများစွာ ရှိသေးကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ဖီလစ်ပိုဂရန်ဒီက လူမှုကွန်ရက်မီဒီယာတွင် ဖော်ပြခဲ့သည်။ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသရှိ ပဋိပက္ခဖြစ်ပွားရာနေရာများမှ ဒုက္ခသည်များအတွက် မြေထဲပင်လယ်ကိုဖြတ်၍ ဥရောပသမဂ္ဂနိုင်ငံများသို့ သွားရာတွင် လမ်ပီဒူဆာကျွန်းမှာ အဓိကဝင်ပေါက်သဖွယ်ဖြစ်နေသည်။

**ဆင်ဟွာ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဩဂုတ် ၁၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၂ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၂၆၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၂၆၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ တရားမဝင် မီးသွေး ၁၀ ဒသမ ၂၁၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၈၈၀၂၁)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ ရေဝန်းကျေးရွာအနီး၌ လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၃၃၇၇၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၆၂၅၈၀၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ညောင်ပင်စင်ကျေးရွာ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ၁၁၀ လက်မ သံပိုက်လုံး ၁၀ လုံး အပါအဝင် ဆက်စပ်ပစ္စည်းခုနစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux နှစ်စီး၊ Yutong Bus တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၃၈၉ တန်၊ အခြားသစ် ၁ ဒသမ ၆၀၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၃၃၁၆)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၈၁၃၃၁၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန် – ပဲခူး လမ်းဟောင်း သာယာအေးကျေးရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၂၁၉၆၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Van တစ်စီး၊ Nissan Diesel Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀၀၀)ကို လည်းကောင်း၊ ပဲခူးမြို့အနီး (ဝေါမြို့ အဗျားဘိုတဲကျေးရွာ)၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၁၀၃၉၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး၊ Nidi Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀)ကို လည်းကောင်း၊ ပဲခူးမြို့အနီး (ဘုရားကြီးမြို့ ဘုရားလေးကျေးရွာ ZTH ဆီဆိုင်)၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၀၁၄၄၈၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Toe 12 Wheels Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကို လည်းကောင်း၊ အမှတ်(၂)လမ်းမကြီးအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၅၄၀၃၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့သစ်ရပ်ကွက် သစ်ခွလမ်း ရပ်ကွက်-၃(ခ) ရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုတ္တမ (ရွှေပြည်သာ) ဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၃၄၂၉၅၈၈)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Global-1 ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀၀) ကို လည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၅၁၉၆)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၄ မျိုး၊ လူသုံးကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၄၂၇၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၃၂၉၀၅၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၃ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၂၄ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၄၁ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၈၁၄၅၆၅၁၁)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## လမ်းမတော်မြို့နယ်၌ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းဆောင်ရွက်

**လမ်းမတော် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းကို လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း၌ ယနေ့နံနက်က ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကျောင်းကျန်းမာရေးစစ်ဆေးပေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဦးစီးအရာရှိ (သွားကျန်းမာ) ဒေါက်တာ မေသဉ္ဇာနွယ်နှင့် ကျန်းမာရေး ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများကို စနစ်မှန် သွားတိုက်နည်းအား သရုပ်ဖော်သင်ကြားခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ အာဟာရ အုပ်စု (၅) စုအား ရှင်းလင်းပြောပြခြင်း၊ ကျောင်းကျန်းမာရေး စစ်ဆေးမှု မှတ်တမ်းကတ်များ ဖြည့်စွက်ခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းစေခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး စသည့် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

## တာချီလိတ်မြို့၌ ဆက်သွယ်ရေးလိမ်လည်မှုနှင့် မီးခိုးမြူငွေ့အန္တရာယ်အကြောင်း အသိပညာပေးဟောပြော



**တာချီလိတ် ဩဂုတ် ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း(မိုင်းကိုး)ရှိ ကျောင်းသား ကျောင်းသူများအား လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးလတ်က ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းနှင့် ဦးမြင့်သန်း (ရုပ်သံကျွမ်းကျင်-၃)က စာဖတ်ခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် လူကုန်ကူးခြင်း အန္တရာယ်အကြောင်း သိကောင်းစရာများကို ဟောပြောပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မာမာအောင်က မီးခိုးမြူငွေ့ညစ်ညမ်းမှု အန္တရာယ်နှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးဖြတ်စခန်းမှ ဦးစီးအရာရှိ ဒေါ်ခင်ချိုဌေးက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကို ဟောပြောသည်။

အဆိုပါဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များ ခင်းကျင်းပြသခြင်းနှင့် သက်ဆိုင်ရာဌာနများမှ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**အေးအေးလတ်**

## မင်းလှမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းများဆောင်ရွက်



**မင်းလှ ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက တောင်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း အမှတ်(၂)နှင့် အမှတ်(၃)တွင် ဆောင်ရွက်သည်။

ကျောင်းကျန်းမာရေး သီတင်းပတ်ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ(သွားကျန်းမာ)က ကျောင်းသား ကျောင်းသူများအား သွားနှင့် ခံတွင်းကျန်းမာရေး အသိပညာပေး ဟောပြောခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး ကုသမှုခံယူရန် လိုအပ်သည့် ကျောင်းသား ကျောင်းသူများအား သွားနှင့် ခံတွင်းဆေးကုသမှုများ ပေးခဲ့သည်။

ထို့နောက် KG ကျောင်းသား ကျောင်းသူများအား သွားတိုက်တံနှင့် သွားတိုက်ဆေးများ ဖြန့်ဝေ၍ စနစ်မှန်သွားတိုက်နည်းကိုလည်း လက်တွေ့လေ့ကျင့် သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

## မင်္ဂလာဒုံမြို့နယ်၌ သက်ကြီးဘိုးဘွားများအတွက် UID(Smart Cards)ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် မကျန်းမာသည့် သက်ကြီးဘိုးဘွားများအတွက် UID (Smart Cards) ကတ်များကို ယမန်နေ့က အိမ်အရောက် ကွင်းဆင်းဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ရာတွင် သက်ကြီးဘိုးဘွားများအတွက် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူပြီး UID (Smart Cards) ကတ်များ ဆောင်ရွက်ပေးခြင်းကို တိလောကရပ်ကွက်နေ ကျန်းမာရေးမကောင်းသည့် လေဖြတ်ထားသော ပင်စင်စားသက်ကြီးဘိုးဘွား နှစ်ဦးအား တိုက်နယ်တာဝန်ခံ ဒုကွန်ပျူတာလုပ်ဆောင်ရေးမှူး ဒေါ်ဖူးပွင့်ချိုက ကြီးကြပ်၍ UID ကတ်များကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

## ကန့်ဘလူမြို့ အခြေခံပညာကျောင်းများ၌ ကျောင်းကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်

**ကန့်ဘလူ ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ကန့်ဘလူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက အလက(ခွဲ)(၁)ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား အရပ်တိုင်းတာခြင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေးစစ်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးစစ်ဆေးခြင်း၊ ဗီတာမင်အေ၊ သန်ချဆေး၊ သံဓာတ်အားဆေး တိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့်ကျန်းမာရေးစစ်ဆေးခြင်းများ ပြုလုပ်ပေးသည်။

ထို့ပြင် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာနေမိုး ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အထက(၂)၊ အထက(ခွဲ)ညောင်အိုင်နှင့် အထက(၁) ကျောင်းများတွင် ကျောင်းကျန်းမာရေးရက်သတ္တပတ် လှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ပေါင်းတည်မြို့နယ်၌ သမဝါယမစီမံကိန်း အောင်နိုင်တိုး မိုးစပါးစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ပေါင်းတည် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ယနေ့နံနက်ပိုင်းက မြို့နယ် သမဝါယမဦးစီးမှူး ဒေါ်အေးအေးခိုင်နှင့် အသင်းဥက္ကဋ္ဌတို့သည် သမဝါယမစီမံကိန်း မိုးစပါးစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ဘုရားငါးဆူကျေးရွာအုပ်စု ကြွယ်လုလင်လေးကျေးရွာ သမဝါယမအသင်းသား တောင်သူ ဦးဝင်းဇော်ဦး စိုက်ပျိုးထားသည့် ဖြစ်ထွန်းအောင်မြင်လျက်ရှိသော အောင်နိုင်တိုးမိုးစပါးများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ရက် ၁၂၀ အောင်နိုင်တိုး စပါးမျိုးသည် အနံ့ပင်ပွား ၁၄ ပင်ထွက်ရှိကာ တစ်နှံလျှင် သီးနှံ ၁၈၀ ခန့်၊ အောင်စေ့ ၁၆၃ စေ့ရှိ၍ အောင်စေ့ ၉၀ ရာခိုင်နှုန်းရှိကြောင်း၊ ညှော့မထမျိုးတွင် ပါဝင်ပြီး အထွက်ကောင်းခြင်း၊ စားသုံးမှုကောင်းခြင်း၊ ဆန်သားကြည်လင်ခြင်း၊ ကုပ်ကျိုးရောဂါနှင့်ဖြုတ်ညိုပိုးဒဏ်အသင့်အတင့်ခံနိုင်ရည်ရှိခြင်းတို့ကြောင့် မိုးသီးနှံ နွေသီးနှံ နှစ်သီးစား စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**



## မိုင်းခတ်မြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်း၌ စာအုပ်စာစောင်များ ငှားရမ်းပေး

**မိုင်းခတ် ဩဂုတ် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး Mobile Library စနစ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းနှင့် စာအုပ်များ အသစ်လဲလှယ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူ လူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ရည်ရွယ်၍ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် အားလပ်သည့်အချိန်တွင် စာဖတ်ခြင်းဖြင့် အသိပညာ ဗဟုသုတများတိုးပွားရေး သုတ၊ ရသစာအုပ်များကို ဝမ်ခုတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စာအုပ်များ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြိုင်မြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မြိုင် ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး မြိုင်မြို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ဩဂုတ် ၁၁ ရက်မှစတင်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကင်းဝေးစေရေး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို မြို့ပေါ်ရပ်ကွက်များ၊ကျောင်းများ၊ ဌာနဆိုင်ရာရုံးများတွင် မိုးရာသီကာလ ခြင်ကြောင့်ဖြစ်ပွားလေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါ ကင်းဝေးစေရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပိုးလောက်လမ်းပေါက်ပွားမှု ကာကွယ်နိုင်ရေး အဘိတ်ဆေးများခတ်ခြင်း၊ ရာသီတုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေး ကျန်းမာရေးအသိပညာပေးခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မယ်ခွေ**

### မော်တော်ယာဉ်မောင်းနှင်သူများလောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ဇလွန်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်မှု သင်တန်းဖွင့်



**ဇလွန် ဩဂုတ် ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများအသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကို ယမန်နေ့က အဗျဉ်းလယ်ဦး ခေတ်မီစံပြကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်လင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်လင်းထက်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်း နည်းပြဆရာများက သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများကို ရှင်းလင်းပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာသော မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံသို့ ထောက်ပံ့ပေးအပ်သည်။

အဆိုပါသင်တန်းကို ဇလွန်မြို့နယ်အတွင်းရှိ အဗျဉ်းလယ်ဦးခေတ်မီစံပြကျေးရွာမှ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် လူသုံးကုန်ပစ္စည်း ပြုလုပ်ခြင်း နည်းပညာများကို လုပ်ငန်းထူထောင်နိုင်သည်အထိ ကျွမ်းကျင်နည်းပြများက ငါးရက်ကြာ သင်ကြားပေးမည်ဖြစ်ပြီး ထူးချွန် သင်တန်းသားများအား မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများကို ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။ **သော်ဇင်ထူး**

## ငဖဲမြို့နယ်၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော



**ငဖဲ ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပေါက်ရင်းကုန်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့ ပူးပေါင်း၍ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ငုဝါရွှေက မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်သမဝါယမဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ဇင်မာ**

## တန့်ယန်းမြို့နယ်၌ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

**တန့်ယန်း ဩဂုတ် ၁၄**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများရရှိစေရန် ရည်ရွယ်ကျင်းပသည့် အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ဆွတ်မွမ်းကျေးရွာ၌ ပြုလုပ်သည်။



ဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်လွင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ခိုင်သဇင်လတ်က ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ပြီး အခမ်းအနားသို့တက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

## နွေစပါးများ ရိတ်သိမ်းပြီး၍ မိုးစပါးစိုက်ပျိုးရန် မြေပြုပြင်ခြင်းများ ဆောင်ရွက်

**နတ်မောက် ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ဒေသဝမ်းစာဖူလုံရေးအတွက်စိုက်ပျိုးရေးတောင်သူများသည် စပါးကို နွေသီး၊ မိုးသီးဟူ၍ ရာသီဥတုနှင့် ကိုက်ညီသည့် စပါးမျိုးများ စိုက်ပျိုးကြရာ မတ်လမှစတင်၍ စိုက်ပျိုးခဲ့သည့် နွေစပါးများအားလုံး ရိတ်သိမ်းပြီး၍ မိုးစပါးစိုက်ပျိုးရန် လယ်ထွန်စက်များဖြင့် မြေပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

နတ်မောက်မြို့နယ်၌ နွေသီးနှံ စိုက်ပျိုးရာသီတွင် ဒေသတွင်း စားရေရိက္ခာဖူလုံစေရေးအတွက် စပါး ဧက ၂၀၈၀ စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးထားရှိသည့် နွေစပါးများကို ဇွန်လမှ စတင်ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ၁၀၈ တင်း ရရှိခဲ့ကြောင်း၊ ယခုအခါတွင် နွေစပါးများ ရိတ်သိမ်းပြီး၍ လယ်ထွန်စက်များဖြင့် မိုးစပါးစိုက်ပျိုးနိုင်ရေး မြေပြုပြင် ဆောင်ရွက်လျက်ရှိကြောင်းနှင့် စပါးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံသည်များကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး တောင်သူများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုထံမှ သိရသည်။ **မူမူစန်း**



## ဟားခါးတက္ကသိုလ်၌ မိုးရာသီအားကစားပြိုင်ပွဲများကျင်းပ



**ဟားခါး ဩဂုတ် ၁၄**

၂၀၂၄-၂၀၂၅ / ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဟားခါးတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ မိုးရာသီအားကစားပွဲတော်ကို ယနေ့နံနက်ပိုင်းက ဟားခါးတက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ဟားခါးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာနွယ်သင်းနီက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားကဏ္ဍသည် ဒွန်တွဲနေပြီး အားကစားမှသည် စိတ်ဓာတ်ခိုင်မာမှု၊ စည်းကမ်းရှိမှု၊ အချင်းချင်းချစ်ခင်ရင်းနှီးမှု၊ အများနှင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်တတ်မှုတို့ကို ရရှိနိုင်ပြီး ပြိုင်ပွဲမှ တက္ကသိုလ်လက်ရွေးစင်များ၊ တက္ကသိုလ်ပေါင်းစုံလက်ရွေးစင်များ၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာစေရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။ ဘာသာရပ်ပေါင်းစုံ မိုးရာသီအားကစားပွဲတော်တွင် အမျိုးသား ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ အမျိုးသမီး ဘော်လီဘော၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကြို့ပင်ကောက်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID များ ကွင်းဆင်းဆောင်ရွက်ပေး

**ကြို့ပင်ကောက် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID(Smart Card)များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယမန်နေ့က ကျေးရွာအုပ်စုသုံးခုသို့ ကွင်းဆင်းဆောင်ရွက်ပေးသည်။



မြို့နယ်ဦးစီးမှူး ဦးကျော်စိုး၏ ဦးဆောင်မှုဖြင့် လိမ္မင်ကွင်းကျေးရွာအုပ်စုတွင် ဒု-လဝကမှူး ဦးကျော်ကိုကိုလှိုင်နှင့်အဖွဲ့၊ ကြို့ပင်စခမ်းကျေးရွာအုပ်စုတွင် လ/ထ လဝကမှူး ဦးထက်လွင်ဖြိုးနှင့်အဖွဲ့၊ မင်းအိုအုပ်စုတွင် ဒု-လဝကမှူး ဦးချမ်းငြိမ်းအောင်နှင့်အဖွဲ့တို့က ကွင်းဆင်း၍ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ဒေသခံပြည်သူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများဆောင်ရွက်ပေးသည့်အပြင် ဇီဝအချက်အလက်ကောက်ယူ၍ Unique ID (Smart Card) ထုတ်ပေးခြင်းလုပ်ငန်းကို တစ်ပါတည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ကျောက်တံတား ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့၌ ရန်ကုန်လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း၊ ကျောက်တံတားမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၂ နာရီက အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

